# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# (၂၉)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )

[ကြာသပတေးနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၃၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးနု၊ ရန်ကုန်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ အစည်းအဝေးတက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၁)၊ ကျန်းမာရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကျန်းမာရေး။ ဗိုလ်မှူးမြင့်စိန်၊ တပ်မတော်၊ ကော်မတီ တာဝန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းတင်၊ စစ်ကိုင်း(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကျန်းမာရေး။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၂)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပြည်တွင်း ပျားရည်စားသုံးမှု မြှင့်တင်ရေးနှင့် ပုဂ္ဂလိကခေတ်မီပျားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့အားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ပြည်တွင်းပျားရည်စားသုံးမှု မြှင့်တင်ရေးနှင့် ပုဂ္ဂလိက ခေတ်မီပျားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့အားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အမှူးပြုတဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဦးစွာ ဆုမွန်ကောင်းများ တောင်းရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ ပြည်တွင်း ပျားရည်စားသုံးမှုမြှင့်တင်ရေးနဲ့ ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းတွေ တိုးချဲ့အားပေးဖို့ အစီအစဉ် ရှိ၊ မရှိ ဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ/ပြည်သားတွေဟာ ဒီလိုဆေးဖက်ဝင်ပြီးတော့ တန်ဘိုးရှိတဲ့ ပျားရည်ကို နိုင်ငံအတွင်းမှာလည်း အလွယ်တကူဝယ်ယူစားသုံးလို့ရရှိပါတယ်။ သို့သော်လည်း အသုံးနည်းတယ်ထင်တဲ့အတွက် ဒီမေးခွန်းကိုလည်း မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ လွန်ခဲ့တဲ့(၅)နှစ်က ယနေ့ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ဖို့ လာရောက်ဖြေဆိုမယ့် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း နဲ့အတူ ရေတာရှည်မြို့နယ် သာဂရဘုန်းကြီးကျောင်းများကို အကြိမ်ကြိမ်ရောက်ရှိပါတယ်။ တစ်နေ့မှာ ဒီပျားရည်ထမင်းကို ဧည့်ခံခဲ့ပါတယ်။ ဒါဟာ ကျွန်တော်အဖို့ ယနေ့အထိ ပျားရည်ထမင်းကို ပထမဆုံးအကြိမ် စားသုံးခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ပျားရည်တွေ ပေါပေါများများထွက်တဲ့ ကလေးဝဘက်က ကိုယ်စားလှယ်တွေကို မေးလိုက်တော့ မဟာမြိုင်တောထဲက ပျားရည်တွေ ထွက်တာတော့မှန်တယ်။ ဒီလိုထမင်းတွေ၊ ဘာတွေချက်စားတဲ့ဓလေ့ မရှိဘူးလို့သိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပြည်တွင်းမှာ ပျားရည်စားသုံးမှု ပိုမိုလာဖို့အတွက် ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ပျားရည်ဆိုတာ ပန်းပွင့်မှရတဲ့ ရှုပ်ထွေးတဲ့သကြားကို ပျားရည် အင်ဇိုင်း အကူအညီနဲ့ ရိုးတဲ့သကြားအဖြစ် ပြောင်းလဲပြီးတော့ ပျားသလက်များထဲမှာ သိုလှောင်ထားတဲ့ အချိုရည်ကို ခေါ်တာဖြစ်ပါတယ်။ ဒီပန်းပွင့်ရဲ့ အရောင်ကို လိုက်ပြီးတော့လည်း ဒီ ပျားရည်ရဲ့ အရောင်ဟာ ကွဲပြားပါတယ်။ ကျွန်တော်တို့ နိုင်ငံတကာမှာ အရောင်ခွဲခြားသတ်မှတ်တဲ့အခါမှာတော့ ပျားရည်ဟာ အရောင်ကြည်လေ တန်ဘိုးမြင့်လေဖြစ်ပါတယ်။ ရေဖြူရောင်၊ အထူးအဖြူရောင်၊ ပယင်းရင့်ရောင်၊ အထူးပယင်းရင့်ရောင်နဲ့ အမဲရောင်ဆိုပြီးတော့ ရှိပါတယ်။ ဒီ စုပ်ယူရရှိတဲ့ ပန်းပွင့်ပေါ်မှာမူတည်ပြီးတော့ အရောင်ပြောင်းလဲသွားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လိုက်ချီးပျားရည်၊ နှမ်းပျားရည်၊ ဇီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်နဲ့ လှဲမှိုပျားရည်တွေ ထုတ်ယူရရှိပါတယ်။ ရှေးတုန်းကတော့ ကျွန်တော်တို့ နေအိမ်ပျားစွဲအဟောတွေ တွေ့ရသလို မင်္ဂလာရရာသီဖွားတွေလည်း ပျားရည်စားသုံးဖို့ အဟောတွေကိုလည်း တွေ့ရပါတယ်။ ဒီ ဥတုဘောဇနသင်္ဂဟကျမ်းနဲ့ ဘေသဇ္ဇမဉ္ဇူသာဒီဆေးကျမ်း

ကြီးတွေအဆိုအရ ဒီပျားရည်ဟာ ပန်းပေါင်းတစ်ထောင်ဝတ်ဆံ၊ ဒါကြောင့်မို့လို့ ဆေးဖက်ဝင်ပါတယ်။ လူနဲ့ သင့်တော်ပြီးတော့ ရောဂါအမျိုးမျိုးကိုလည်း ပျောက်ကင်းတယ်လို့ ဆိုတဲ့အတွက် ဆေးဝါးတွေမှာ ဖော်စပ် အသုံးပြုတာ တွေ့ရပါတယ်။

ဒီပျားရည်ဟာ ဆိုလို့ရှိရင် အနောက်တိုင်းမှာ ယဥ်ကျေးမှုအထွန်းကားဆုံးလို့ ယူဆရတဲ့ အီဂျစ် ပေါ့နော်၊ spaint ရုပ်ထု၊ ပိရမစ်ရုပ်ထုကြီးတွေ ရှိပါတယ်။ အဲဒီ့အထဲမှာ တွေ့ရှိတဲ့ ဒီ ပျားရည်ကို စမ်းသပ်တဲ့အခါမှာ နှစ်ပေါင်း(၃၀၀၀)ကျော်သည့်တိုင်အောင် ဂုဏ်သတ္တိမပြောင်းလဲကြောင်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ နောက်ပြီး စောစောကပြောသလို ဒီ ပျားရည်ဟာ စားမယ်ဆိုလို့ရှိရင် ပိန်တဲ့သူကိုလည်း ဝနိုင်ပါတယ်။ ဒီပျားရည်ဟာ ပျားရည်သစ်၊ ပျားရည်ဟောင်းဆိုပြီး (၂)မျိုးရှိပါတယ်။ (၁)နှစ် အတွင်းမှာရရှိတဲ့ ပျားရည်ကိုတော့ ပျားရည်အသစ်ခေါ်ပါတယ်။ ဒီ အသစ်ကို သောက်မယ်ဆိုလို့ရှိရင်တော့ ပိန်တဲ့သူကို ဝမှာ ဖြစ်ပါတယ်။ ဒီ (၁)နှစ်ကျော်တဲ့ ပျားရည်တွေကိုတော့ ကျွန်တော်တို့က နှစ်ချို့ ပျားရည်၊ ပျားရည်ဟောင်းလို့ခေါ်ပြီးတော့ အဲဒီ့ပျားရည်ကို သုံးဆောင်မယ် ဆိုလို့ရင် ကျွန်တော်တို့ ဝ တဲ့သူဟာ ဒါ ပိန်စေနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်တို့မှာ ပျားမွေးမြူရေးနဲ့ ပျားထုတ်လုပ်မှု အခြေအနေတွေ ကောင်းမွန်တာကို တွေ့ရှိရပါတယ်။ သို့သော်လည်း မိုးများတဲ့ ဒေသတွေမှာတော့ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဖို့ ခက်ခဲပါတယ်။

ကျွန်တော်တို့နိုင်ငံထွက်ပျားရည်တွေကို တရုတ်၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ ဟောင်ကောင်၊ ကိုရီးယားနိုင်ငံတွေကို တင်ပို့ရောင်းချကြတာ သိရှိရပါတယ်။ ဒီ စစ်ကိုင်း၊ ကလေးဒေသက ထွက်တဲ့ ပျားရည်ဟာ အခုအချိန်မှာ (၁)ပီပါကို (၃)သိန်းနဲ့ (၆)သောင်းလောက်ပေါက်ပြီးတော့ (၁)ပိဿာကို (၁၈၀၀၀)၊ (၂၀၀၀၀)ကျော်လောက်ရှိတယ်လို့ သိရပါတယ်။ သို့သော်လည်း ရန်ကုန်မြို့တော် ဟိုတယ်ကြီး တွေမှာ ကျွန်တော်တို့ အော်ဂဲနစ်ပျားရည်ဆိုပြီးတော့ လက်တစ်ဝါးစာ လောက်ရှိတဲ့ ပုလင်း ကိုလည်း (၇၀၀၀)၊ (၈၀၀၀)လောက်နဲ့ ရောင်းချနေတာကို တွေ့ရပါတယ်။ ဒီ ပျားရည်ဟာ ကျွန်တော် အဓိက တင်ပြချင်တာကတော့ ဒီ သီးနှံစိုက်ပျိုးမှုမှာ ဝတ်မှုံကူးပေးတဲ့အတွက် သီးနှံအရည်အသွေးကို ကောင်းပြီးတော့ အထွက်နှုန်းကို တိုးစေပါတယ်။ ဒါကြောင့် သဘာဝဂေဟစနစ်တွေ ဟန်ချက်မညီဘဲနဲ့ ပျက်ယွင်းနေတာကို အစားထိုးပြီးတော့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါတယ်။ ဒါ့အပြင် ပျားရည်နဲ့ ပျားထွက်ပစ္စည်းတွေကလည်း ကျွန်တော်တို့ လူသားတွေအတွက် အသုံးဝင်ပါတယ်။ ဥပမာအားဖြင့် စက်မှုထွန်းကားတဲ့ ကျွန်တော်တို့ ဂျပန်နိုင်ငံမှာ ကျွန်တော်တို့ စက်ရုံတွေက စွန့်ထုတ်လိုက်တဲ့ စွန့်ပစ် ပစ္စည်းတွေကြောင့် ကျွန်တော်တို့ ဘေးထွက်ဆိုးကျိုးတွေကြောင့် ဂေဟစနစ်တွေ ပျက်ယွင်းလာပါ တယ်။ ဒါကြောင့် ဂျပန်နိုင်ငံသားများဟာ မြစ်ငါးကို မသုံးဆောင်ပါဘူး။ နောက်လေထုထဲမှာ ညစ်ညမ်း လာတဲ့အတွက် ငှက်တွေနဲ့ ပျားတွေဟာ သေဆုံးကုန်ပါတယ်။ ဒါကြောင့် စပါးတွေ ဝတ်မှုန်ကူးမှု မရှိ တော့တဲ့အတွက် စပါးထွက်နှုန်းကျဆင်းလာပါတယ်။ ဒါကြောင့် ၁၉၇၀ ပြည့်လွန်နှစ်များမှာ နိုင်ငံခြား ကနေပြီးတော့ ပျားတွေကို ငှားရမ်းပြီးတော့ တင်သွင်းရတဲ့အထိ ဖြစ်ပေါ်လာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပျားမွေးမြူခြင်းအတတ်ဟာ အင်းဆက်သတ္တဝါတွေကို မွေးမြူခြင်း အတတ်ပညာဖြစ်ပါတယ်။ ကျွမ်းကျင်ပိုင်နိုင်မှု အချိန်ကာလတစ်ခုအထိ လေ့လာဆည်းပူးမှု လိုအပ်မှာ ဖြစ်ပါတယ်။ ပျားရည်ကို နိုင်ငံခြားကို နှစ်စဥ်တင်ပို့နေရတဲ့အတွက် နိုင်ငံခြားဝင်ငွေရရှိနေတဲ့

အတွက်လည်း မီးခိုမထွက်တဲ့ စက်ရုံပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အစိုးရနဲ့ ပုဂ္ဂလိက ပျား မွေးမြူရေးလုပ်ငန်းတွေကနေ ပျားရည်ပေါင် (၆၄)သိန်းကျော်၊ မက်ထရစ်တန် (၂၉၁၉)အထိ ထုတ်လုပ်နိုင်တယ်လို့ သိရပါတယ်။ ဒါကြောင့် ပျားရည်ရဲ့ အသုံးဝင်ပုံ၊ ဆေးဖက်ဝင်ပုံတွေကို ကျွန်တော်တို့ ပြည်သူတွေ အားလုံးသိရှိပြီး၊ ပြည်တွင်းမှာ ပျားရည်စားသုံးမှုမြှင့်တင်ခြင်းနဲ့အတူ ခေတ်မီ ပျားမွေးမြူရေးလုပ်ငန်းတွေကို အခြေအနေပေးတဲ့ ဒေသတွေမှာ လုပ်ကိုင်မွေးမြူဖို့၊ တိုးချဲ့ဖို့၊ အားပေး ဖို့ အစီအစဉ်ရှိမရှိ သိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**နိုင်ငံတော်၏ သား/ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဒေသမျိုးများ သွေးမျိုးနီးစပ်၍ မျိုးရိုးနိမ့်ကျလာသဖြင့် သား/ငါးထုတ်လုပ်မှုကဏ္ဍကို ထိခိုက်စေနိုင်၍ မည်သို့ကုစား ဆောင်ရွက် နေသည်နှင့် မျိုးကောင်းမျိုးသန့်များ ရရှိအောင် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းသိန်း က နိုင်ငံတော် ၏ သား/ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသမျိုးများ သွေးမျိုးနီးစပ်၍ မျိုးရိုးနိမ့်ကျလာ သဖြင့် သား/ငါးထုတ်လုပ်မှုကဏ္ဍကိုထိခိုက်စေနိုင်၍ မည်သို့ကုစားဆောင်ရွက်နေသည်နှင့် မျိုးကောင်း မျိုးသန့်များရရှိအောင် မည်သို့စီမံဆောင်ရွက်ထားသည်ကိုသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်း ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဗိုလ်မှူးဝင်းသိန်း (တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပညာရှင်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော် ကတော့ တပ်မတော်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်ကြည်း ၂၇၃၅၆ ဗိုလ်မှူး ဝင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနကို ကျွန်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်း သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းမှာ Veterinary usage အနည်းငယ်ပါတဲ့အတွက် ခွင့်ပြုပေးပါရန် လေးစား စွာ ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ သား/ငါးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့ အခါမှာ ကျွန်တော်တို့ Relative Origin Local Breedsတွေ နိုင်ငံအတွင်းမှာ နိုင်ငံ အတွင်းမှာ မွေးထားတဲ့ ဒေသမျိုးတွေဟာ သွေးမျိုးနီးစပ်လာပြီးတော့ Inbreeding ဖြစ်လာပြီးတော့ ကျွန်တော်တို့ ဒါ မျိုးရိုးနိမ့်ကျလာတဲ့ အတွက်ကြောင့်မို့လို့ သား/ငါးကဏ္ဍကို ထိခိုက်စေနိုင်တဲ့ အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒါမေးမြန်းရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ သား/ငါးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်း(၁၄)ရပ်မှာပါရှိတဲ့ သား/ငါးကဏ္ဍကို ကျွန်တော် Focal Point အဖြစ်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခိုင်မာအားကောင်းတဲ့ စီးပွားရေးအဆောက်အအုံဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်တဲ့အခါမှာ

စီးပွားရေးနဲ့ လူမှုရေးပြောင်းလဲမှု မူဘောင်(၁၀)ရပ်၊ Frame Work for Economic and Social Reform-FESR အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအခါမှာ သား/ငါးကဏ္ဍာထုတ်လုပ်မှုဟာ အလွန်အရေးကြီးတဲ့ ကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်လာမှာကို ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ တိုးတက်လာတဲ့ နိုင်ငံရဲ့ လူဦးရေဟာ များပြားလာတာနဲ့အမျှ ကျွန်တော်တို့ အသားစားသုံးမှုသည် ပိုမို များပြားလာပြီးတော့ အသားထုတ်လုပ်မှုကို ကျွန်တော်တို့ စီမံချက်ချပြီး ကျွန်တော်တို့ ပြည်တွင်း စားသုံးမှု ဖူလုံစေရန်သာမကဘဲနဲ့ (Food Security) ဖြစ်စေရန်သာမကဘဲနဲ့ ကျွန်တော်တို့ (Export Protection Goal )အဖြစ် ရည်မှန်းချက်ထားပြီး ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံရဲ့ လူဦးရေကို ကြည့်မယ်ဆိုရင် ၂၀၁၁-၂၀၁၂မှာ ကျွန်တော်တို့ လူဦးရေ (၆၀.၄)သန်းရှိပြီးတော့ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ မှာ (၆၂.၂)သန်းရှိမယ်လို့ ခန့်မှန်းတွက်ချက် ထားတာ ဖြစ်ပါတယ်။ လူဦးရေးတိုးတက်မှုနှုန်းကတော့ (၁.၀၁)ရာခိုင်နှုန်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ လူဦးရေ တိုးတက်များပြားလာတာနဲ့အမျှ ကျွန်တော်တို့ နိုင်ငံရဲ့ သား/ငါးထုတ်လုပ်မှုကဏ္ဍကို တစ်ဆင့်ပြီး တစ်ဆင့် စီမံချက်ချပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အခုအခါ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့လည်း ကျွန်တော်တို့ စီမံကိန်းတွေချမှတ်ပြီးတော့ သား/ငါးထုတ်လုပ် မှုကို စနစ် တကျ ဆောင်ရွက်နေမှုကို သိရှိရပါတယ်။ ကျွန်တော်တို့ ပထမ၊ ပဉ္စမ အမျိုးသားစီမံကိန်းရဲ့ ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ထုတ်လုပ်မှုနှုန်းကို ကျွန်တော် တို့ (၇)ရာခိုင်နှုန်း ရှိလာမယ်လို့ ခန့်မှန်းထားတာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ မှာတော့ ကျွန်တော်တို့ (၈.၇) ရာခိုင်နှုန်းတိုးတက်ထုတ်လုပ်သွားမယ်လို့ ကျွန်တော်တို့ သိရှိရတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဘာကြောင့် တိုးတက်ထုတ်လုပ်ဖို့ကို ခန့်မှန်းထားသလဲဆိုရင် (Meat and Egg Protection) အသားနဲ့ ဥထုတ်လုပ်မှုအတွက် ကျွန်တော်တို့ (Private Sector)တွေ ဖြစ်တဲ့ ပုဂ္ဂလိကမွေးမြူသူတွေကို သင်တန်းတွေပို့ချပေးရမှာ ဖြစ်ပါတယ်။ ဒို့အပြင် ကျွန်တော်တို့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝနဲ့ ကျွန်တော်တို့ (Property Protection) ဆင်းရဲနွမ်းပါးမှု လျှော့ချစေရေးတို့ကို ကျွန်တော်တို့ သင်တန်းတွေ ပို့ချပေးရပါမယ်။ ကြက်၊ ဘဲ၊ ဝက် ၊ Dairy Cow တွေ၊ နို့စားနွားတွေကို ကျွန်တော်တို့ ဖြန့်ဖြူးပေးရပါမယ်။ ဒီလိုဖြန့်ဖြူးပေးခြင်းအားဖြင့် ကျေးလက်နေ ပြည်သူတွေဟာ တစ်ပိုင်တစ်နိုင် စီးပွားရေးမှသည် စီးပွားဖြစ်မွေးမြူနိုင်တဲ့အထိကို ကျွန်တော်တို့ ဖြန့်ဖြူးပေးသွားရမည့်အပိုင်း ဖြစ်ပါတယ်။ အခုအခါ ၂၀၁၄-၁၅ မှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ (၁၀)ရာခိုင်နှုန်းတိုးတက်ပြီးတော့ ပိသာထောင်ပေါင်း(၁၆၅၄.၆၀၆) ထုတ်လုပ်သွား မယ်လို့ ကျွန်တော့် အနေနဲ့ သိရှိရပါတယ်။ ကျေးလက်နေပြည်သူတွေကို အဓိကထားပြီး ကျွန်တော်တို့ အဓိကထားပြီးတော့ ဆောင်ရွက်သွားရမယ့်အပိုင်း ဖြစ်ပါတယ်။ တောင်သူလယ်သမား ဦးကြီးများအနေနဲ့ မိမိရဲ့ ဒေသအတွင်းမှာ (Local Text) ဧရိယာအတွင်းမှာရှိတဲ့ ဒေသမျိုးချင်းမှာ သားဖောက်၊ သားစပ်နည်းတွေ ဆောင်ရွက်လာတဲ့အခါမှာ ကျွန်တော်တို့ မျိုးရိုးတွေဟာ သွေးမျိုးနီးစပ်ပြီးတော့ နိမ့်ကျလာတဲ့အပိုင်း ဖြစ်ပါတယ်။ ဒီမျိုးရိုးနိမ့်ကျလာတဲ့အပိုင်း Defect တွေဘာတွေရှိသလဲဆိုတော့ ကျွန်တော်တို့ အဓိက အားဖြင့် (Reduce) ကြီးထွားနှုန်းတွေ နှေးလာပါတယ်။ (Total Rate Game)မရပါဘူးခင်ဗျား။ နောက်တစ်ခါဘာဖြစ်မလဲဆိုတော့

Reduce Litter Size သားဖောက်နှုန်းဟာ ကျွန်တော်တို့ (၁၀) ကောင်ကနေ (၈)ကောင်၊ (၆)ကောင် တစ်ဖြည်းဖြည်းလျှော့ကျလာတဲ့အပိုင်း ဖြစ်ပါတယ်ခင်ဗျား။

ဒီအပိုင်းမှာပဲ (Reduce Mothering ability) ဘာလဲဆိုတော့ မိခင်က သားထိန်းမကောင်းတော့၊ ဒီကလေးကို ပြန်ပြီးတော့ ဖိပါတယ်။ သားထိန်းမကောင်းဘူးစသည်ဖြင့် (လက်တေးရှင်းပီးရီးရက်)မှာပဲ ဖြစ်ဖြစ်၊ ကျန်တဲ့ကျွန်တော်တို့ (Feeding)လောက်နေတဲ့အချိန်၊ အစားကျွေးနေတဲ့အချိန်မှာ ပဲ ဖြစ်ဖြစ်၊ ကျွန်တော်တို့ ဘာလဲဆိုတော့ (ကနဘော်စင်) ဖြစ်လာတဲ့အထိ ဒါဖြစ်လာတဲ့အပိုင်းတွေ၊ ကျန်တဲ့ (Abnormal Series)တွေက ဘာတွေရှိနေသလဲဆိုတော့ ကျွန်တော်တို့ (ချာနာစင် Orgam) တွေ၊ မျိုးပွားအင်္ဂါတွေ ပြည့်စုံဖို့ ပါမလားဘူးခင်ဗျား။ ဒီအပိုင်းတွေ ဖြစ်လာတော့ ကျွန်တော်တို့ (ပရှယ်လီး effective in Protection) ဖြစ်လာတဲ့အတွက်ကြောင့်မို့လို့ (Inbreeding) ကို စနစ်တကျ လျှော့ချပြီး ကျွန်တော်တို့ ထုတ်လုပ်နိုင်မှသာလျှင် (Protection)ကို အထောက်အကူပြုရာ ဖြစ်မှာ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အခု လက်ရှိဝန်ကြီးဌာန အနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများနဲ့ ကျေးရွာအုပ်စုတွေအဆင့်ထိအောင် ကျွန်တော်တို့ မျိုးကောင်းမျိုးသန့်တွေ ဖြန့်ဖြူးပေးမယ်လို့ သိရှိရပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း(၂)ခု မေးလိုပါတယ်။ ပထမမေးခွန်းကတော့ နိုင်ငံတော်ရဲ့ သားငါးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့အခါမှာ ဒေသမျိုးတွေ၊ (Native Origin Local breeds)တွေဟာ (Inbreeding)ဖြစ်လာပြီး သွေးမျိုးနီးစပ်လာပြီးတော့ မျိုးရိုးနိမ့်ကျလာတဲ့အတွက် သား၊ ငါးကဏ္ဍကို တစ်ဘက်တစ်လမ်းမှ ထိခိုက်စေနိုင်တဲ့အတွက်ကြောင့် ကျွန်တော်ပထမအနေနဲ့ မေးခွန်းမေးလိုပါတယ်။ ဒုတိယမေးခွန်းကတော့ ဒီလိုအစီအမံတွေ ဆောင်ရွက်ထားရှိမှု ရှိလို့ရှိရင် မျိုးကောင်းမျိုးသန့်တွေကို စနစ်တကျ ဘယ်လို ထုတ်လုပ်ဖြန့်ဖြူးသွားမယ်ဆိုတာကို သိလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနကို ကျွန်တော် မေးခွန်းမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အသားစား နွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ မည်သို့မည်ပုံ လုပ်ဆောင်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး အောင်မြင့်ဟန် က အသားစား နွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ မည်သို့မည်ပုံ လုပ်ဆောင်နေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဗိုလ်မှူးအောင်မြင့်ဟန် (တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊

ကော်မရှင်ဆရာကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပေးပို့အပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၆၁၆၄ ဗိုလ်မှူးအောင်မြင့်ဟန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းသွားမယ့် မေးခွန်းကတော့ အသားစားနွားမွေးမြူရေးလုပ်ငန်း (Beef cattle production) ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ မည်သို့မည်ပုံ လုပ်ဆောင်နေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာ ထည့်သွင်းပြောမိတဲ့အတွက် ခွင့်ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ လယ်ယာထွက်ကုန်များကို အဓိကထား စိုက်ပျိုး ထုတ်လုပ်တဲ့နိုင်ငံ ဖြစ်ပါတယ်။ လယ်ယာထွက်ကုန်တွေ ထုတ်လုပ်တဲ့အခါမှာ ခိုင်းကျွဲ ခိုင်းနွားများကို လယ်ယာလုပ်ငန်းခွင်မှာ အသုံးပြုမှု များပါတယ်။ လယ်ယာလုပ်ငန်းခွင်မှာ အသုံးပြုနေတဲ့ ကျွဲနွားတွေကိုပဲ အသားအဖြစ် ထုတ်လုပ်ပြီးတော့ သတ်ဖြတ်စားသုံးနေကြပါတယ်။ အဲဒီလို သတ်ဖြတ်စားသုံးနေတဲ့အတွက်ကြောင့်မို့လို့ လယ်ယာလုပ်ငန်းခွင်မှာ လုပ်အား ဆုံးရှုံးမှုတွေ ဖြစ်တယ်။ လယ်သမားများရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ ခိုင်းကျွဲခိုင်းနွားများကို သတ်ဖြတ်စားသုံးခြင်းဖြင့် ကျေးဇူးရှင်ကို ကျေးစွပ်ရာ ရောက်နေပါတယ်။ အဲဒီလို သတ်ဖြတ်စားသုံးခဲ့တဲ့ ခိုင်းကျွဲခိုင်းနွားတွေ၊ နို့စားနွားထီးတွေ၊ နွားနောက်တွေရဲ့ ထုတ်လုပ်တဲ့အသားထွက်နှုန်းကို မမီပါဘူးခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ နွားများဟာ အစာကနေ အသားအဖြစ် ပြောင်းလဲတဲ့အခါမှာ မြက်ကိုစားပြီး ပြောင်းလဲနိုင်တဲ့သတ္တိ ရှိပါတယ်။ ဝက်များကတော့ ကျွန်တော်တို့ အစာကနေပြီးတော့ အသားအဖြစ် ပြောင်းလဲတဲ့အခါ လူတွေစားသုံးတဲ့အစာထဲကနေပြီးတော့ ပြုပြင်ပြီးတော့ အသားအဖြစ် ပြောင်းလဲပါတယ်။ ဒါကြောင့်မို့လို့ လူတွေရဲ့အစာတွေကို လုပြီး စားသုံးမှုနည်းတဲ့ မြက်ကိုစားပြီးတော့ အသားဖြစ်တဲ့ တိရစ္ဆာန်မွေးမြူရေးကို နိုင်ငံတော်က အားပေးသင့်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ လူသားများအတွက် စားနပ်ရိက္ခာ ရှားပါးမှုကို ကာကွယ်ရာလည်း ရောက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသားစားနွားမွေးမြူရေးနဲ့ မွေးမြူပြီးတော့ ကျွန်တော်တို့ အသားတွေ ထုတ်လုပ်မယ်ဆိုရင် တစ်မျိုးသားလုံးရဲ့ အသားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းရာ ရောက်ပြီးတော့ ပိုလျှံလာလို့ ရှိရင်လည်း တန်ဖိုးမြင့်ထုတ်ကုန်တွေ လုပ်မယ်၊ အေးခဲသားတွေ လုပ်မယ် လုပ်ပြီးတော့ ဈေးကွက်တွေကို ဖြန့်တယ်။ ပြည်ပဈေးကွက်ကို ဖြန့်လို့ရှိရင် ကျွန်တော်တို့ နိုင်ငံတော်မှာ စီးပွားရေးတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော်ရဲ့ စီးပွားရေး တိုးတက်မှုကို တစ်ဖက်တစ်လမ်းမှလည်း အထောက်အကူ ဖြစ်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ ခိုင်းကျွဲခိုင်းနွားနဲ့ အသားစားနွား မွေးမြူတဲ့ကာလ သက်တမ်း တူတယ်။ အရွယ်ရောက်တာ တူတယ်။ ခိုင်းကျွဲခိုင်းနွား တစ်ကောင်ကို သတ်ပြီးတော့မှ အသား ထုတ်လုပ်လို့ရှိရင် အသားက ပိသာ ( ၃၀၀) အများဆုံးပဲ ရရှိပါတယ်။ ဒါပေမဲ့ အသားစားနွားကို မွေးမြူပြီးတော့ အသားထုတ်လုပ်နည်းရှိရင်တော့ ကာလသက်တမ်း တူပေမယ့် ပိသာ(၆၀၀)ကျော်နီးပါး ရရှိပါတယ်။ ဒီလို နှစ်ဆနည်းပါးလောက် ကွာတဲ့အခါမှာ အသားစားနွားမွေးမြူရေးက ဒါကြောင့် ပိုပြီးတော့မှ အားပေးသင့်တယ်လို့ ထင်မြင်ယူဆမိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ အားပေးမှုကြောင့် ၁၉၇၆ ဒါမှမဟုတ် ၁၉၈၀ ခုနှစ်က နို့စားနွားမျိုးများဖြစ်တဲ့ Friesian နွား၊ ဂျာစီနွား၊ မျိုးစေ့တွေ အကောင်လိုက် တင်သွင်းတယ်၊

နောက်ပြီးကျ မျိုးကောင်းတွေ တင်သွင်းတယ်။ နောက်ပြီးကျတော့ ခေတ်မီနို့စားနွား ပညာသင်တွေ စေလွှတ်တယ်။ နောက်ပြီးတော့ နို့ဆီချက်စက်ရုံတွေ တည်ဆောက်ပေးတယ်။ နောက်ပြီးတော့ နို့ညှစ်စက်ကအစ နွားမွေးမြူရေးခြံမှာ လိုအပ်တဲ့ ပစ္စည်းတွေ ဝယ်ယူတင်သွင်းပေးတာကြောင့် အဲဒီလို ဝယ်ယူတင်သွင်းပေးခဲ့တယ်။ နောက်ပြီးတော့ သဘာဝ စားကျက်တွေအပြင် Cultivate culture ပေါ့ လူတို့ စိုက်ပျိုးတဲ့ စားကျက်တွေ ပြုစုပျိုးထောင်ပေးတယ်၊ ပျိုးထောင်ပေးတဲ့အတွက်ကြောင့် ဒီနေ့ နို့နဲ့ နို့ထွက်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းဟာ အောင်မြင်နေပါတယ်။ ဒါကြောင့်မို့လို့ နို့၊ ဥ၊ အသား စားသုံးမှုကို အထောက်အကူပြုတာ တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ နို့စား နွားမွေးမြူရေးက နိုင်ငံတော်က အားပေးခဲ့တဲ့အတွက်ကြောင့် နို့စားနွားမွေးမြူရေးက ရှင်သန်ခဲ့တာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသားစားထုတ်လုပ်မှုကို အထောက်အကူပြုတဲ့ အသားစားကြက် ထုတ်လုပ်မှုကို ကြည့်မယ်ဆိုရင်လည်း ကျွန်တော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ၂၀၀၀ ခုနှစ်လောက် စတယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ၂၀၀၀ ခုနှစ်က လားရှိုးမှာ မွေးမြူခဲ့ဖူးပါတယ်။ ဒီ Foreign ကြက် မွေးမြူရေးကိစ္စနဲ့ပတ်သက်ပြီးတော့ ခုတော့ တစ်နိုင်ငံလုံးမှာ အသားစားကြက် ထုတ်လုပ်တဲ့ လုပ်ငန်းဟာ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက်ရှိပြီးတော့ တစ်မျိုးသားလုံးရဲ့ အသားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေပြီ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အသားစား နွားအချို့ကို Power Point ဖြင့် တင်ပြရန် ခွင့်ပြုပါခင်ဗျား။ ဒါကတော့ အသားစားနွားမျိုး Short horn ဖြစ်ပါတယ်။ သူ့ရဲ့ မိခင်နိုင်ငံကတော့ အင်္ဂလန်နိုင်ငံ ဖြစ်ပါတယ်။ သူ့ရဲ့ အရောင်ကတော့ အနီရောင် ဒါမှမဟုတ် အနီနဲ့အဖြူရောင် အရောင်ပြေးတွေ ရှိပါတယ်။ ဒီအရွယ်ရောက်ပြီးတဲ့ နွားထီး (၁)ကောင်ရဲ့ အလေးချိန်ကတော့ ပိသာ (၁၀၀၀)ကနေ (၁၃၀၀)ပေါင် ရှိပါတယ်။ ပိသာ (၁၀၀၀)ကနေ (၁၃၀၀) ရှိပါတယ်။ အရွယ်ရောက်ပြီး နွားမတစ်ကောင်ရဲ့ အလေးချိန်ကတော့ ပေါင် (၈၀၀)ကနေ ပေါင် (၁၂၀၀) ရှိပါတယ်။ သူက သူ့ကို (၂)မျိုး သုံးနိုင်ပါတယ်။ အသားအတွက်ရော နို့အတွက်ရော သုံးနိုင်ပါတယ်။ ဒါကတော့ ချယ်ရီလစ် အသားစားနွား ဖြစ်ပါတယ်။ သူ့ရဲ့ Native Original ပြင်သစ်နိုင်ငံ ဖြစ်ပါတယ်။ နို့အရောင်ကတော့ အဖြူရောင်ပါ။ သူ့ရဲ့ အရွယ်ရောက်ပြီး နွားထီးတစ်ကောင်ရဲ့ အလေးချိန်ကတော့ ပေါင် (၂၈၀၀)ကနေ ပေါင် (၃၃၀၀) ထိရှိပါတယ်။ အရွယ်ရောက်ပြီး နွားမတစ်ကောင်ရဲ့ အလေးချိန်ကတော့ ပေါင် (၁၄၀၀)ကနေ ပေါင် (၂၅၀၀)ထိ ရှိပါတယ်။ သူကတော့ Body အလျားကတော့ ရှည်တယ်၊ နောက်ပြီးကျတော့ Muscle တွေ အသားတွေ ကတော့ Heavy အသားတွေ ရှိပါတယ်။

ဒါ Brahman ပါ။ဒီတစ်ကောင်ကတော့ အိန္ဒိယနိုင်ငံက ဖြစ်ပါတယ်။ သူ့ရဲ့ အရောင်ကတော့ အဖြူရောင်ကနေပြီးတော့ Gray အညိုရောင်ထိ ရှိပါတယ်။ Red to Black အနီရောင်ကနေ အမည်းရောင်ထိ ရှိပါတယ်။ နွားပြာစိမ်းလို့လည်း ကျွန်တော်တို့ ခေါ်ကြပါတယ်။ သူ့ရဲ့ အရွယ်ရောက်ပြီး နွားထီးတစ်ကောင်ရဲ့ အလေးချိန်ကတော့ ပေါင် (၂၈၀၀)ကနေ ပေါင် (၃၃၀၀) ရှိပါတယ်။ အရွယ်ရောက်ပြီး နွားမတစ်ကောင်ရဲ့ အလေးချိန်ကတော့ ပေါင် (၁၄၀၀)ကန ပေါင် (၂၅၀၀) ရှိပါတယ်။ သူကတော့ သူ့ရဲ့ ထင်ရှားတဲ့ အချက်တွေကတော့ Insect တွေရဲ့ ကိုက်တဲ့ဒဏ်ကို ခံနိုင်တယ်၊ အပူဒဏ်ကို ခံနိုင်တယ်၊ နောက်ပြီးတော့ အစာနည်းနည်းနဲ့ သူက ကြီးထွားနိုင်တယ်၊ သူ့မှာ ချွေးဂလင်းတွေ ရှိတယ်၊ Hereford ဒီကောင်ကတော့ အင်္ဂလန်နိုင်ငံက အမျိုးစစ် ပြီးတော့ သူ့ရဲ့ အရောင်ကတော့ အနီ ဒါမှမဟုတ် အမည်းမှာ ခေါင်းတွေ ခြေထောက်တွေ၊ လက်တွေ၊

ဒီအောက်ပိုင်းတွေက အဖြူရောင် ဖြစ်ပါတယ်။ အရွယ်ရောက်ပြီးတဲ့ နွားထီးတစ်ကောင်ရဲ့ အလေးချိန်က ပေါင် (၂၀၀၀)ကနေ ပေါင် (၂၅၀၀) ထိ ရှိပါတယ်။ အရွယ်ရောက်ပြီး နွားမတစ်ကောင်ရဲ့ အလေးချိန် ကတော့ ပေါင် (၁၀၀၀)ကန ပေါင် (၁၆၀၀)ထိ ရှိပါတယ်။ သူကတော့ သားထိန်းကောင်းတယ်၊ နောက်ပြီးကျတော့ ပတ်ဝန်းကျင်ကို အနည်းငယ် ပြောင်းလဲမှုကို ခံနိုင်တယ်။ နောက်ပြီးကျတော့ အလွယ်တကူ သူ့ကို ထိန်းသိမ်းစောင့်ရှောက်လို့ လွယ်ပါတယ်။

နောက် Angus သူကတော့ စကော့တလန်နိုင်ငံက ဖြစ်ပါတယ်။ သူရဲ့ အရောင်ကတော့ အရေပြားက မည်းမယ်ဆိုရင် အရောင်က မည်းမယ်၊ အရေပြားက နီမယ်ဆိုရင် အရောင်က နီမယ်၊ သူတို့ရဲ့ အရွယ်ရောက်ပြီးတဲ့ နွားထီးတစ်ကောင်ရဲ့ အလေးချိန်က ပေါင် (၁၀၀၀)ကနေ ပေါင် (၁၃၀၀) ထိ ရှိပါတယ်။ အရွယ်ရောက်ပြီး နွားမတစ်ကောင်ရဲ့ အလေးချိန်ကတော့ ပေါင် (၁၀၀၀)ကနေ ပေါင် (၁၂၀၀)ထိ ရှိပါတယ်။ သူ့ရဲ့ ထင်ရှားတဲ့အချက်ကတော့ သားထိန်းကောင်းတယ်၊ ချိုမရှိဘူး၊ နောက်ပြီးတော့ အလွယ်တကူ ကိုင်တွယ်နိုင်ပါတယ်။ Simmenta ဒီကောင်ကတော့ ဆွစ်ဇာလန်နိုင်ငံက ဖြစ်ပါတယ်။ ပထမ မူရင်းနိုင်ငံကတော့ United States ဖြစ်ပါတယ်။ ဒီကောင်ကတော့ ရွှေဝါရောင်ကနေပြီးတော့ အနီရောင်၊ နီညိုရောင်ပေါ့ အဲဒီလို အရောင်မျိုးတွေ ရှိပါတယ်။ သူ့ရဲ့ အရွယ်ရောက်ပြီးတဲ့ နွားထီးရဲ့ အလေးချိန်ကတော့ ပေါင်(၂၂၀၀)ကနေ ပေါင် (၂၈၀၀) ရှိပါတယ်။ အရွယ်ရောက်ပြီး နွားမတစ်ကောင်ရဲ့ အလေးချိန်ကတော့ ပေါင် (၁၁၀၀)ကန ပေါင် (၁၅၀၀)ထိ ရှိပါတယ်။ သူ့ရဲ့ ထင်ရှားတဲ့အချက်ကတော့ အလွယ်တကူ ထိန်းသိမ်းနိုင်ပါတယ်။ နှစ်မျိုးစလုံးအတွက် အသားစားရော၊ နို့စားရော သုံးနိုင်ပါတယ်။ နောက်ပြီးကျတော့ အသားကလည်း ကောင်းပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ရဲ့ အားပေးထောက်ပံ့မှုကြောင့် အသားစား ကြက်မွေးမြူရေးနှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းတို့ တိုးတက်အောင်မြင်လာသည်ဟု ထင်မြင်ယူဆ တဲ့အတွက် နိုင်ငံသားများ၏ အသားစားသုံးမှုကို အထောက်အကူပြုနိုင်တဲ့ ခိုင်းကျွဲခိုင်းနွားများကို သတ်ဖြတ်စားသုံးခြင်းမှ လုပ်အားဆုံးရှုံးမှုကို ကာကွယ်နိုင်တဲ့ အသားစားမွေးမြူရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်နှင့်ပြည်သူ/ ပြည်သားများ အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်တဲ့ အချက်ကတော့ (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အသားစားနွားမွေးမြူရေးလုပ်ငန်း မည်သည့်ခုနှစ်မှ စတင်ခဲ့သည်ကို သိရှိလိုခြင်း၊ (၂) မစသေးပါကလည်း မည်သည့်ခုနှစ်တွင် စတင်နိုင်မည်ကို သိရှိလိုခြင်း၊ (၃) ယခုအခါမှာ နိုင်ငံတော်မှ အသားစား မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် မည်သို့မည်ပုံ လုပ်ဆောင်နေသည်ကိုသိရှိလိုခြင်းတို့ကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာအောင်မြတ်ဦး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေခင်ဗျား။

ကျွန်တော်ကတော့ မွေးမြူရေးနဲ့ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ရဲ့ မေးခွန်းကို ဦးစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးမြန်းချက်မှာ ပါရှိတဲ့ ပြည်တွင်းပျားရည် စားသုံးမှု မြှင့်တင်ရေးနဲ့ ပုဂ္ဂလိကကဏ္ဍ ပျားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဝန်ကြီးဌာနအနေနဲ့ တိုးချဲ့အားပေးရန် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံအတွင်း ပြည်တွင်းပျားရည် စားသုံးမှုအနေနဲ့ မက်ထရစ်တန် (၃၀၀)မှ (၅၀၀) ကြားအထိ ရှိပြီး အဆိုပါ စားသုံးမှုမှာ ဆေးဝါးအဖြစ် သုံးစွဲမှု (၈၀)ရာနှုန်းခန့်နဲ့ ပျားရည်သီးသန့် စားသုံးမှု (၂၀)ရာနှုန်းခန့် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်တွင်းပျားရည် စားသုံးမှု ပိုမို တိုးတက်ရန်အတွက် နှစ်စဉ် တိုးမြှင့်ထုတ်လုပ်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပျားမွေးမြူရေးကဏ္ဍ ဘက်စုံတိုးတက်စေရေး အနှစ် (၂၀)စီမံကိန်း ရေးဆွဲပြီး ကာလတို (၅)နှစ် စီမံကိန်း (၄)ခုဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပုံမှန်ကုန်သွယ်ရေးနဲ့ နယ်စပ်ကုန်သွယ်ရေးမှ ပြည်ပသို့ ပျားရည်စုစုပေါင်း မက်ထရစ်တန် (၂၄၀၀၉၃.၇၄)တန် တင်ပို့နိုင်ခဲ့ပြီးတော့ နိုင်ငံတော်အတွက် အမျိုးသားဝင်ငွေ အမေရိကန်ဒေါ်လာ (၂.၈၄၅)သန်း ရရှိခဲ့ပါတယ်။ အနှစ် (၂၀)စီမံကိန်းရဲ့ နောက်ဆုံးနှစ်မှာ ပုဂ္ဂလိက ပျားမွေးမြူရေးကဏ္ဍမှာ ပုဂ္ဂလိကပိုင် ပျားအုံ (၁၅၀၀၀၀)ကျော်ထိ တိုးချဲ့မွေးမြူပြီးတော့ ပျားရည် မက်ထရစ်တန် (၄၈၀၀)တန် တိုးမြှင့်ထုတ်လုပ်သွားဖို့နဲ့ ပြည်ပသို့ ပျားရည် မက်ထရစ်တန် (၄၇၀၀)တန် တင်ပို့ရန် မျှော်မှန်းထားရှိရာမှာ ပျမ်းမျှ ပျားအုံတိုးတက်မှုနှုန်း တစ်နှစ်ကို (၂.၆၈)ရာခိုင်နှုန်း ပျားရည် ထုတ်လုပ်မှု ပျမ်းမျှ တိုးတက်မှုနှုန်း (၅.၄၈)ရာနှုန်း ရှိရန် လျာထားပြီးတော့ ဝတ်မှုံကူးဇက ဆယ့်ခုနှစ်သိန်း လေးသောင်းငါးထောင် ဆောင်ရွက်ရန်နဲ့ ပျမ်းမျှ တိုးတက်မှုနှုန်း တစ်နှစ် (၅.၆၃)ရာနှုန်းထိ ဆောင်ရွက်သွားရန် ရည်မှန်းထားရှိပါတယ်။ ပျားလုပ်ငန်းဌာနအနေနဲ့ ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်သော ခေတ်မီပျားမွေးမြူရေးနည်းပညာများ ဖြန့်ဖြူးခြင်း စာတွေ့လက်တွေ့ အတတ်သင် သင်တန်းများ ပို့ချပေးခြင်း ပြည်ပသို့ ပျားရည်တင်ပို့နိုင်ရန် ပျားရည်သန့်စင်ပေးခြင်း ပျားရည် အရည်အသွေးပိုင်း ဆိုင်ရာ FAO Standard နဲ့ အညီ စစ်ဆေးပေးခြင်း၊ ပျားအုံနဲ့ ပျားဘုရင်မများ ရောင်းချဖြန့်ဖြူးပေးခြင်း၊ ပျားအိမ်နဲ့ဆက်စပ်ပစ္စည်းများ ရောင်းချပေးခြင်း၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနဲ့ ပြည်ပမှ မျိုးကောင်းမျိုးသန့် ပျားဘုရင်မများ မှာယူဖြန့်ဖြူး ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်နယ်/ တိုင်းဒေသကြီး (၉)ခုမှ မြို့နယ် (၃၄)မြို့နယ်မှာ ပုဂ္ဂလိက ပျားမွေးမြူရေး လုပ်ငန်းရှင် (၄၆၅)ဦးနဲ့ ပျားမွေးမြူရေးလုပ်သား (၁၅၀၀)ဦးတို့ဟာလည်း အစုအဖွဲ့ (၃၇)ဖွဲ့နဲ့ ပျားမွေးမြူရေး သမဝါယမအသင်း (၄)သင်း ဖွဲ့စည်းပေးပြီးလည်း ဖြစ်ပါတယ်။ ပုဂ္ဂလိက မွေးမြူသူများကို ချေးငွေ ရရှိရေး ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိက မွေးမြူမှု မှတ်ပုံတင်ဆောင်ရွက်ပေးခြင်း၊ နှစ်စဉ်သက်တမ်း တိုးပေးခြင်း၊ ပျားစားကျက်နေရာများ သတ်မှတ်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်း၊ တိရစ္ဆာန်ကာကွယ် စောင့်ရှောက်ရေးဥပဒေမှာ ပျားမွေးမြူရေးဆိုင်ရာဥပဒေများ ရေးဆွဲပြဌာန်းပေးခြင်း နှင့် ပျားရောဂါများ စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပျားနို့ထုတ်လုပ်ရေး စီမံကိန်းလုပ်ငန်းကို ပျားလုပ်ငန်းဌာနနဲ့ FAO တို့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ အင်္ဂလန်နိုင်ငံအခြေစိုက် Tag International Development အဖွဲ့နဲ့လည်း ပျားလုပ်ငန်းဌာနတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ ပျားမွေးမြူရေးကဏ္ဍ အဆင့်မြှင့်တင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတို့ကို ရှမ်းပြည်နယ်မှာ ဆောင်ရွက်ပေးခဲ့ပါတယ်။ Tag International Development အဖွဲ့နဲ့ ပျားလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းပြီး ပျားမွေးမြူရေးကဏ္ဍ အဆင့်မြှင့်တင်မှု ဆောင်ရွက်ရာမှာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပျားဘုရင်မ မေထုံမဲ့ သားစပ်နည်းပညာနဲ့ စက်ကိရိယာများ ပံ့ပိုးပေးခြင်း ပျားရည်နဲ့ ပျားထွက်ပစ္စည်းများကို သန့်စင်ထုတ်ပိုးပြီး နိုင်ငံတကာ ဈေးကွက်သို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက် ပေးခြင်းများကို ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ပျားလုပ်ငန်းဌာနအနေနဲ့ ပျားမွေးမြူသူများ တိုးပွားလာပြီး အကျိုးဖြစ်ထွန်းစေရန်အတွက် မြန်မာနိုင်ငံရဲ့ မည်သည့်နေရာမှာမဆို လက်တွေ့ မွေးမြူလိုသူ အနည်းဆုံး သင်တန်းသား (၂၀)ဦးရှိပါက သွားရောက်ပြီး လက်တွေ့သင်တန်းများ ပို့ချပေးသွားမှာလည်း ဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် စံပြပျား မွေးမြူရေး ကျေးရွာများ ထူထောင်ပေးခြင်း၊ ပျားမွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူခြင်းမှစ၍ စီးပွားဖြစ် မွေးမြူနိုင်ရေး အရင်းအနှီးရရှိရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်နဲ့ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ပျားရည်ပြည်တွင်းဈေးကွက် ပြည်ပဈေးကွက်များ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံတကာ ပျားမွေးမြူရေး နည်းပညာများ ရရှိစေရန် ဆောင်ရွက်ပေးခြင်းစသည်တို့ကို ပုဂ္ဂလိက ခေတ်မီ ပျားမွေးမြူရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဝင်းသိန်းရဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်တဲ့နေရာမှာ ဒေသမျိုးများ သွေးမျိုးနီးစပ်ပြီး မျိုးရိုးနိမ့်ကျခြင်း ဖြစ်စေနိုင်တဲ့အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန မွေးမြူရေးနဲ့ ကုသရေး ဦးစီးဌာနအနေနဲ့ နို့စားနွား၊ အသားစားနွား၊ သိုး၊ ဆိတ်၊ ဝက်၊ကြက်၊ ဘဲ၊ ငါး အစရှိတဲ့ ကဏ္ဍအလိုက် မျိုးမြှင့်တင်ရေးများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နွားမွေးမြူရေးကဏ္ဍမှာ မျိုးမြှင့်တင်ရေးအတွက် မျိုးမြင့်နွားများကို ပြည်ပမှ တင်သွင်းခြင်း မျိုးရည်ခဲချောင်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ မျိုးရည်ခဲချောင်းများကို ပြည်ပမှ တင်သွင်းခြင်းစတဲ့ မျိုးမြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနက ထိုင်းနိုင်ငံကနေ အသားစားနွားမျိုး နွားသိုး (Brahman)မျိုး (၂)ကောင်နှင့် နို့စားနွား မျိုးနွားသိုး Friesian မျိုး(၂)ကောင်ကို မှာယူ တင်သွင်းထားပြီးလည်း ခိုင်းနွားအနေနဲ့လည်း ပြည်တွင်းမှ ခိုင်းနွားမျိုး နွားသိုး (နွားပြားစိမ်း)မျိုး (၂)ကောင်ကနေမှ မျိုးရည်ထုတ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်ထိ ခိုင်းနွားမျိုးရည်ခဲချောင်း (၄၂၅၀)ချောင်းကို ထုတ်လုပ်ပြီးတော့မှ ဖြန့်ဖြူးပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ခုနှစ် ဇူလိုင်လကနေ ၂၀၁၄ ခုနှစ် ဇွန်လကုန်ထိ အသားစားနွားမျိုး မျိုးရည်ခဲချောင်း (၂၃၂၄၅) ချောင်းနှင့် နို့စားနွား မျိုးရည်ခဲချောင်း

(၁၈၈၇၆) ချောင်းတို့ ထုတ်ယူပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ မွေးမြူသူများ၏ လိုအပ်ချက်အလိုက် ဖြန့်ဖြူးပေးခဲ့ပါတယ်။

ဒါ့အပြင် ဂျာမနီနိုင်ငံမှ နို့စားနွား မျိုးရည်ခဲချောင်း (၂၀၀၀၀)၊ ထိုင်းနိုင်ငံမှ အသားစားနွားမျိုး မျိုးရည်ခဲချောင်း (၁၀၀၀)၊ အင်ဒိုနီးရှားနိုင်ငံမှ နို့စားနွား မျိုးရည်ခဲချောင်း (၁၀၀၀)နှင့် ထိုင်းနိုင်ငံမှ နို့စားမျိုးနွားမ Friesian (၃၆) ကောင် မှာယူတင်သွင်း ထားပြီးတော့မှ နယူးဇီလန်နိုင်ငံမှ နို့စားနွား Friesian မျိုးရည်ခဲချောင်း (၁၀၀၀၀) ကိုလည်း မှာယူတင်သွင်းရန် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် မျိုးစစ် Friesian နွားမကောင်ရေ (၅၀၀)အား ဝယ်ယူသွားမှာဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဖြူးသွားမည် ဖြစ်ပါတယ်။ သိုး/ ဆိတ်မွေးမြူရေး လုပ်ငန်းအနေဖြင့် မျိုးအဖြစ် မလေးရှားနိုင်ငံမှ ဘိုးဝါးဆိတ်မျိုးနှင့် သိုးမျိုးများကို အကောင် (၃၀)မှာယူ စမ်းသပ်မွေးမြူထားပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီး မလေးရှားနိုင်ငံမှပဲ ဘိုးဝါးဆိတ် (၁၅၀) ကောင်ကို ဆက်လက်မှာယူ တင်သွင်း သွားမှာဖြစ်ပါတယ်။ အကျိုးဖြစ်ထွန်းကိုက်ညီတယ်ဆိုပါက အမြောက်အမြား မှာယူ တင်သွင်းပြီး ဖြန့်ဖြူးသွားရန် စီစဥ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဝက်မွေးမြူရေးလုပ်ငန်းအနေနဲ့ DYL ဝက်မျိုးများကို ဒိုက်ဦးနှင့် ထုံးဘိုဝက်ခြံများက ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ CP ကုမ္ပဏီ အနေနှင့် လည်း DYL ဝက်မျိုးများကိုလည်း ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဝက်အကောင် (၁၅၀၀၀) ခန့်ကိုလည်း ဖြန့်ဖြူးပေးခဲ့ပြီး ဖြစ်ပါတယ်။

ကြက်မွေးမြူရေးလုပ်ငန်းအနေဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ပုဂ္ဂလိက ကုမ္ပဏီများအနေနဲ့ အသားစားနှင့် ဥစားကြက်ပေါက် (၃၈.၃၄) သိန်း၊ အသားစား နှင့်ဥစားမျိုးဥ (၁၂.၄)သိန်း ၂၀၁၄-၂၀၁၅ ခုနှစ် ဇွန်လထိ အသားစားနှင့် ဥစား ကြက်ပေါက် (၅)သိန်း၊ အသားစား နှင့်ဥစားမျိုးဥ (၆.၃)သိန်း မှာယူ တင်သွင်းခဲ့ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေနဲ့လည်း တိုင်းရင်းကြက်မျိုးများ ထိန်းသိမ်းခြင်း၊ မျိုးမြှင့်တင်၍ ဖြန့်ဖြူးခြင်းများကိုလည်း ဆောင်ရွက် ပေးလျက်ရှိပါတယ်။

ဘဲမွေးမြူရေး လုပ်ငန်းအနေဖြင့် အင်္ဂလန်နိုင်ငံမှ ချယ်ရီဘယ်ရီ ဘဲမျိုး (၂၀၁၆) ကောင်၊ တရုတ်နိုင်ငံမှ ပီကင်းမျိုးဘဲထီး (၂၀၀)ကောင်၊ လိဂတ်ဘဲ (၃၄၀၀)ကောင်၊ လိဂတ်ဘဲထီး (၄၈၈)ကောင်၊ လိဂတ်ဘဲမ (၂၀၀၁) ကောင်နဲ့ ၂၀၁၄ ခုနှစ် မတ်လမှာ ထိုင်းနိုင်ငံမှ ကာကီကင်ဘဲ (၂၀၀၀) မှာယူ တင်သွင်းခဲ့ပြီး မြန်မာနိုင်ငံနှင့် ကိုက်ညီတဲ့ ဘဲမျိုးများ ရရှိရေး မျိုးစပ်ထုတ်လုပ်ခဲ့ရာ ယခုနှစ်အတွင်း ပေါက်ဖွားလာတဲ့ မျိုးဘဲငယ် (၅၀၀၀၀)ကို ပြည်နယ်နဲ့ တိုင်းဒေသကြီးများကို ဖြန့်ဖြူးပေးခဲ့ပြီး ဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့လည်း မြန်မာနိုင်ငံမှာ ဆေးထိုးသားဖောက်နည်းပညာဖြင့် ငါးသားဖောက်လုပ်ငန်းကို ၁၉၆၇ မှာ စတင်ပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။ ငါးမျိုးများနှစ်ရှည်ကြာစွာ မျိုးရိုးစဥ်ဆက်အလိုက် သားဖောက်ထုတ်လုပ်နေပါက မျိုးဗီဇနည်းပညာအရ မျိုးနိမ့်ပါးလာပြီးတော့ မွေးမြူရာ၌ ကြီးထွားနှုန်း နှေးခြင်း၊ ကိုယ်ခန္ဓာ ဖွံ့ဖြိုးမှုနည်းပါးခြင်း အရောင် အသွေး ညှံ့ဖျင်းခြင်း စသည့် အားနည်းချက်များ ဖြစ်ပေါ်လာနိုင်ပါတယ်။

ဒါကြောင့်မို့လို့ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနကနေ အရည်အသွေး ကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့်ငါးများ ထုတ်လုပ် ဖြန့်ဖြူးနိုင်ဖို့ ၊ ငါးတစ်ဧက ထုတ်လုပ်မှုနှုန်း တိုးတက်လာဖို့၊ မိဘမျိုးရိုးထက် သာလွန်ကောင်းမွန်တဲ့

မျိုးဆက်သစ်များ ပေါ်ထွန်းလာစေဖို့ ရည်ရွယ်ပြီးတော့ မျိုးငါးစခန်း Breeder Farms များ တည်ဆောက်ပြီးတော့မှ ငါးမျိုးဗီဇ မြှင့်တင်များ လုပ်ငန်းများကို ၂၀၀၉ ခုနှစ်မှစတင်ပြီးတော့မှ ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းငါးမျိုးများ မျိုးဗီဇမြှင့်တင်ခြင်း ဆောင်ရွက်ရာမှာ ငါးမြစ်ချင်းကို Target Species အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာပြည် အထက်ပိုင်း အတွက် မန္တလေးတိုင်းဒေသကြီး၊ ကူမဲငါးစခန်းကိုလည်းကောင်း မြန်မာပြည် အောက်ပိုင်းတွင်မူ လှော်ကား ငါးလုပ်ငန်းစခန်းအား Breeder Farm အဖြစ် တည်ဆောက်ထားရှိပြီးမှ မျိုးဗီဇမြှင့် Parent Stock ငါးမျိုးများကို ဖြန့်ဖြူးပေးလျက် ရှိပါတယ်။ ကျေးလက်ဒေသများမှာလည်း တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငါးစားသုံးမှု မြင့်မားလာစေရန်အတွက် Mono-sex Talapia သားပေါက်များကို ထိုင်းနိုင်ငံမှ မှာယူဖြန့်ဖြူးပေးချက် ရှိတဲ့အပြင် တိုင်ရင်းငါးမျိုးများ ဖြစ်တဲ့ ငါးခူ/ ငါးကျည်းများ သားဖောက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေး လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးအောင်မြင့်ဟန် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အသားစားနွား မွေးမြူရေး လုပ်ငန်းကို ၁၉၇၉ ခုနှစ်မှာ Limousin အသားစားနွားမျိုးချောင်းများကို ကမ္ဘာ့ဘဏ် အကူအညီနဲ့ စတင်တင်သွင်းပြီး ဖြန့်ဖြူးခဲ့ပါတယ်။ သို့သော်လည်း အသားစားနွားမွေးမြူတဲ့သူ နည်းပါးတဲ့အတွက် အသားစားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ခြင်း မရှိကြောင်းကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလမှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန Limousin အသားစားနွားမျိုးချောင်း များကို ပုဂ္ဂလိက ကုမ္ပဏီဖြစ်တဲ့ Green Land မွေးမြူရေးခြံမှာ Friesian နွားမများနဲ့ စတင်သားစပ်ခြင်းအားဖြင့် အသားစားနွား မွေးမြူရေးကို စတင်ခဲ့ပါတယ်။

နိုင်ငံတော်အနေဖြင့် အခုခါမှာ အသားစားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် လိုလာပြီ ဖြစ်တဲ့အတွက် မိမိတို့ ဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူ အသီးသီးမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ ကွင်းဆင်းဆောင်ရွက်ထားတဲ့အခါမှာ ပညာပေးစည်းရုံးခြင်းဖြင့် အသားစားနွားမွေးမြူရေးကို တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါတယ်။ (ခ) မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနအနေနဲ့ ထိုင်းနိုင်ငံမှ အသားစား မျိုးနွားသိုး (၁၀၀)ရာခိုင်နှုန်း Brahman နွားမျိုး (၂)ကောင်ကို ၉-၆-၂၀၁၃ ရက်နေ့မှာ တင်သွင်းထားပြီး ရန်ကုန်တိုင်းဒေသကြီး ပေါင်းငူ မျိုးမြှင့်တင်ရေးဌာနစိတ်မှာ မွေးမြူထား ရှိပါတယ်။ အဆိုပါ မျိုးနွားသိုးများမှ ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ၂၀၁၄ ခုနှစ် ဇွန်လအထိ မျိုးရည်ခဲချောင်း (၂၃၂၄၅) ချောင်း ထုတ်ယူခဲ့ပြီးတော့ တိုင်းဒေသကြီး ပြည်နယ်များသို့ မျိုးရည်ခဲချောင်း (၉၁၀၆) ချောင်း ဖြန့်ဝေပေးခဲ့ပါတယ်။ ဒေသနွားမျိုးများနဲ့ သားစပ်မျိုးမြှင့်ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဒေသနွားမျိုးမ (၂၀၂၄)ကောင်အား မျိုးစပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှ အသားစားနွားမျိုး မျိုးရေခဲချောင်း (၁၀၀၀)ကိုတော့ ၁၀-၁-၂၀၁၄ ရက်နေ့မှာ မှာယူတင်သွင်းထားပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ ပုဂ္ဂလိကမွေးမြူရေး လုပ်ငန်းရှင်များအနေနဲ့ အသားစားနွားများ မွေးမြူလိုပါကလည်း ပြည်ပနိုင်ငံများမှာ တင်သွင်းရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းရှင်များ လက်ရှိမွေးမြူထားရှိမှုနဲ့ ပတ်သက်လို့ ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင် မှာရှိတဲ့ GreenLand မွေးမြူရေးခြံက အသားစားနွားစပ်မျိုး (၁၆၀) ကောင်၊ ကျောက်ဆည်မြို့မှာရှိတဲ့ နေလသုခ ကုမ္ပဏီမှာ အသားစားနွားစပ်မျိုး (၁၀၀) ကောင်၊ နောင်ချိုမြို့ရှိ ရွှေစင်ဖြိုးကုမ္ပဏီမှာ အသားစားနွားစပ်မျိုး (၁၀၀) ကောင်၊ Green gate ကုမ္ပဏီမှာ အသားစားနွားစပ်မျိုး (၂၀၀) ကောင်မွေးမြူထားရှိပြီး ဖြစ်ပါတယ်။ မွေးမြူရေးနဲ့ ကုသရေး ဦးစီးဌာန အနေနဲ့လည်း ရှမ်းပြည်တောင်တန်း မွေးမြူရေးခြံနဲ့ ခြေမြစ်ပင် မွေးမြူရေးခြံတို့မှာ အသားစားနွား အကောင် (၁၀၀) စီမွေးမြူပြီး အသားစားလုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မွေးမြူရေးအကောင်ရေ များပြားလာခြင်းတို့ကြောင့် အစာမလုံလောက်မှုမဖြစ်ပေါ်စေရန် မြေဧရိယာ အသင့်အတင့် နဲ့ အာဟာရပြည့်ဝတဲ့ မြက်မျိုး၊ မျိုးကောင်းမျိုးသန့် များစိုက်ပျိုးနိုင်ရေး အတွက်လည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။

အသားစားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး အသားစားနွား မွေးမြူလိုသူများကို ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးရေးလည်း ဆက်လက် ဆောင်ရွက်လျက် ရှိပါတယ်။ အသားစားနွားမွေးမြူရေးနဲ့ပတ်သက်ပြီး အာရှနဲ့ အနောက်နိုင်ငံများက အဖွဲ့အစည်းများ ကလည်း လာရောက် ဆက်သွယ်ခဲ့ရာမှာ မွေးမြူရေးလုပ်ငန်းရှင်များနဲ့ မွေးမြူသူတောင်သူများ အကျိုးရှိနိုင်မယ့် နည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းများလည်း ထားရှိပြီးတော့ နိုင်ငံတော်အတွက် အကျိုးရှိစေမယ့် ဆက်စပ်လုပ်ကိုင်မယ့် အသားစားမွေးမြူရေးလုပ်ငန်းများ ကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဒါကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မွေးမြူသူများအား ပညာပေးစည်းရုံးခြင်း၊ (၁၀၀) ရာခိုင်နှုန်းအသားစားနွားများ မွေးမြူထားရှိပြီး မျိုးရည်ခဲချောင်းများထုတ်လုပ်ခြင်း တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဒေသရဲ့လိုအပ်ချက်အလိုက် ဖြန့်ဖြူးပေးခြင်း၊ ပြည်ပနိုင်ငံများမှ အသားစားနွား မျိုးကောင်းများနှင့် နွားမျိုးများမှာယူတင်သွင်းခြင်း၊ လိုအပ်တဲ့အစာရရှိခြင်း စီမံချက် ရေးဆွဲ ဆောင်ရွက်ခြင်း၊ မွေးမြူရေးချေးငွေများ ရရှိရေးဆောင်ရွက်ခြင်း စတဲ့လုပ်ငန်းများနဲ့ အသားစားနွား မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအား ဆောင်ရွက်ချက်ရှိကြောင်း ဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီး မြို့နယ်၊ ဆတ်သွားသမိုင်းဝင် ဆုတောင်းပြည့် ဘုရားကြီး ကျောင်းတိုက် မူလသာသနာ့ ဝတ္တကမြေအတွင်း ဆောက်လုပ် ထားခဲ့ပြီး ယခုအခါ အသုံးပြုခြင်း လုံးဝမရှိတော့သည့် ကုန်သွယ်ရေး ဂိုဒေါင်(၂)လုံးအား ဖျက်သိမ်း၍ မူလသာသနာ့ ဝတ္တကမြေကို ပြန်လည် ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် က မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီး မြို့နယ်၊ ဆတ်သွားသမိုင်းဝင် ဆုတောင်းပြည့် ဘုရားကြီး ကျောင်းတိုက် မူလသာသနာ့ ဝတ္တကမြေအတွင်း ဆောက်လုပ်ထားခဲ့ပြီး ယခုအခါ အသုံးပြုခြင်း လုံးဝမရှိတော့သည့် ကုန်သွယ်ရေး ဂိုဒေါင်(၂)လုံးအား ဖျက်သိမ်း၍ မူလသာသနာ့ ဝတ္တကမြေကို ပြန်လည် ပေးအပ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးရဲ့ တောင်တွင်းကြီး မြို့နယ်၊ ဆတ်သွားရဲ့သမိုင်းဝင် ဆုတောင်းပြည့် ဘုရားကြီး သာသနာ့ဝတ္တကနယ်မြေအတွင်းထဲမှာရှိတဲ့ ဂိုဒေါင် (၂)လုံးနဲ့ပတ်သက်ပြီးတော့မေးမြန်းမှာ ဖြစ်ပါတယ်။

ဂိုဒေါင် (၂) ခုရဲ့ တည်ရှိရာနေရာတွေကို ကျွန်တော်တို့ မြင်သာနိုင်ဖို့ရာအတွက် Power Point တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါ ကျွန်တော်တို့ မကွေး-ပြည် ကားလမ်းရဲ့ ဘေးမှာရှိတဲ့ ဘုရားကြီးကျောင်းတိုက် ဖြစ်ပါတယ်။ ကျောင်းတိုက်ရဲ့ သာသနာ့ ဝတ္တကနယ်မြေရဲ့ အရှေ့ပိုင် ခြံပိုင် ဖြစ်ပါတယ်။ ဒါက အရင်တုန်းက အင်္ဂလိပ်လက်ထက်တုန်းက သာသနာ့မြေထဲမှာ တည်ဆောက်ထားတဲ့ ရဲစခန်းကို အခုအခါမှာ လွတ်လပ်ရေးရရှိပြီးတဲ့နောက် အခြားနေရာကို ပြောင်းရွှေ့ထားပြီး ဖြစ်တဲ့ ရဲစခန်းဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ သာသနာ့ မြေထဲမှာ (၅) နှစ်ခန့်ရှိပြီး အသုံးမပြုတဲ့ အရင်တုန်းက ရုံးနဲ့ ဂိုဒေါင်တွေဖြစ်ပါတယ်။ ဒါက ဘုရားကြီးကျောင်းတိုက်ရဲ့ သံဃာသီတင်းသုံးတဲ့ ကျောင်းဆောင်နဲ့ အခု ဆောက်လုပ်ထားတဲ့ ဂိုဒေါင်လေးနဲ့ဟာ ဒီကျောင်းဝင်း ကြီးရဲ့ သာသနာ့နယ်မြေအတွင်းထဲမှာ ဘယ်လိုရှိလဲဆိုတာကို ဖော်ပြထားတဲ့အခြေအနေ ဖြစ်ပါတယ်။

ဒါက သာသနာ့နယ်မြေအတွင်းထဲမှာ သူ့ရဲ့နောက်ပိုင်းမှာဆိုရင် စေတီတွေဟာ ကျောင်းရဲ့ အပြင်ဘက်ကို ရောက်သွားပြီးတော့ စေတီတွေနဲ့ ကျောင်းရဲ့ကြား ထဲမှာ ဝင်ပြီးတော့ ဆောက်ထားတဲ့ ဂိုဒေါင် (၂) လုံးရဲ့ တည်နေရာအနေအထားကို ပြတာဖြစ်ပါတယ်။ ဒါက သာသနာ့နယ်မြေထဲမှာ ဆောက်လိုက်တဲ့အတွက်ကြောင့်မို့လက်ရှိ ရှိနေတဲ့ သာသနာမြေထဲက ဘုန်းကြီးကျောင်းနဲ့ စေတီတွေ ကြားထဲမှာ အပြင်ကိုရောက်သွားတဲ့ စေတီတော်လေးကို ပြထားတာဖြစ်ပါတယ်။။ ဒါက အဝေးကနေ ကြည့်ရင် ခုနက စေတီတော်တွေနဲ့ ကျောင်းဝင်းနဲ့ ဘုန်းကြီးကျောင်းရဲ့ကြားထဲမှာရှိတဲ့ အတွင်းထဲမှာ ရောက်နေတဲ့အဆောက်အဦရဲ့ပုံတွေကို ကျွန်တော်တို့ ပြထားခြင်း ဖြစ်ပါတယ်။ ဒါက အဲဒီကျောင်း အပြင်ဘက်ကိုရောက်သွားတဲ့ စေတီတော်လေးကို ကျွန်တော်တို့ ပြန်ပြီးတော့ ရိုက်ထားတာ ဖြစ်ပါတယ်။ ဒါက အဲဒီဂိုဒေါင်နဲ့ ဟိုဘက်မှာကပ်လျက် သံဃာတော်များနေတဲ့အဆောင်ရဲ့ ဘုန်းကြီး ကျောင်းတွေ၊ ဝင်းတွေ ကြားထဲမှာရှိတဲ့ အနေအထားကို ပြသထားခြင်းဖြစ်ပါတယ်။ ဒါက ကျွန်တော် ကောင်းကင်ကနေ ကြည့်လိုက်တဲ့အခါမှာ အခု သာသနာ့နယ်မြေရဲ့ အရှေ့ကကျွန်တော်တို့ ညာဘက် ခြမ်းမှာတွေ့ရတာဆိုရင် ပြည်-မကွေး ကားလမ်းဖြစ်ပါတယ်။ သာသနာ့နယ်မြေရဲ့ စေတီတော်တွေဟာ နောက်မှာ ရှိပါတယ်။ အဲဒီကျမှ ဂိုဒေါင်(၂) လုံးဟာ ဘယ်နားရှိနေသလဲဆိုတာ ပြသထားတဲ့ အနေအထားမျိုးပဲ ဖြစ်ပါတယ်။

အဲဒီတော့ အဲဒီလိုအနေအထားမျိုးဖြစ်နေတဲ့ နေရာနဲ့ ပတ်သက်ပြီးတော့ အရင်တုန်းက ဆိုရင် ဗမာဘုရင်များလက်ထက်ကနေပြီးတော့ အင်္ဂလိပ်လက်ထက်အထိ ပုဂံရွှေကျောင်းသာသနာ့ ဝတ္တကမြေဆိုပြီးတော့ အင်္ဂလိပ်လက်ထက်ကိုရောက်သွားတဲ့အခါကျတော့ အင်္ဂလိပ်က ကျောင်းရဲ့

အရှေ့ဘက်ကနေ မကွေးလမ်းကြီးကိုဖောက်လိုက်တယ်။ ဒီနောက်ဘက်ခြမ်းမှာကျတော့ ဒီ သုသာန် ဇရပ်တို့၊ ရဲကင်းဂတ်တို့ နောက်ပြီး ငွေတိုက်တို့ သူကဆောက်ခဲ့တယ်။ အဲဒီလိုဆောက်ပြီးတော့ သာသနာ့နယ်မြေမှာ တချို့စေတီတွေကိုလည်း ဖျက်ဆီးခံခဲ့ရတာရှိပါတယ်။ဒါပေမယ့်လို့ လွတ်လပ်ရေး ရပြီးတော့ (၅၆) ခုနှစ် ကျတဲ့အခါကျတော့ အဲဒီထဲမှာရှိတဲ့ ကင်းဂတ်တွေ ၊ ရဲစခန်းတွေအားလုံးကို သာသနာ့ ဝတ္တကနယ်မြေ ယာထဲကနေပြန်ထုတ်ပြီးတော့ အပြင်ကို ပြောင်းရွှေ့ထားပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ လမ်းစဉ်ပါတီခေတ်ရောက်တဲ့အခါကျတော့ အဲဒီနေရာမှာ ရွှေ့ပြောင်း ကုန်သွယ်ရေး၊ ရွှေ့ပြောင်းယာယီ အဝယ်ဒိုင်တွေ ဖွင့်ခွင့်ပြုလိုက်တာကနေစပြီးတော့ နဝတလက်ထက် ရောက်လာတဲ့အခါမှာ ဂိုဒေါင် (၂) လုံးဆောက်ဖြစ်သွားပါတယ်။ အဲဒီ ဂိုဒေါင် (၂) လုံးဟာ အခုတော့ စက်မှုဝန်ကြီးဌာနအောက်ကို ရောက်သွားတယ်လို့ဆိုပါတယ်။ ပျက်လည်း ပျက်စီးသလောက် ရှိနေ ပါတယ်။ နောက် နှစ်ကလည်း မသုံးတာကြာပြီဖြစ်တဲ့အတွက်ကြောင့် သာသနာ့နယ်မြေ အတွင်းထဲမှာ အဲဒီလိုဖြစ်နေတဲ့အတွက် ဒေသခံရှိတဲ့ ဆရာတော်၊ သံဃာတော်များနဲ့ ဒေသခံပြည်သူများက မေးမြန်း စေလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းချင်တာက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွားသမိုင်းဝင် ဆုတောင်းပြည့် ဘုရားကြီး ကျောင်းတိုက် မူလသာသနာ့ ဝတ္တကမြေအတွင်း ဆောက်လုပ်ထားခဲ့ပြီး ယခုအခါ အသုံးပြုခြင်း လုံးဝမရှိတော့သည့် ကုန်သွယ်ရေး ဂိုဒေါင်(၂)လုံးကို ဖျက်သိမ်း၍ မူလသာသနာ့ ဝတ္တကမြေကို ပြန်လည် ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ ဆိုတာကိုမေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၈။**

**ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး အမှတ်(၄) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ရဲ့ကြယ်ပွင့်ပြ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီး မြို့နယ်၊ ဆတ်သွားသမိုင်းဝင် ဆုတောင်းပြည့် ဘုရားကြီးကျောင်းတိုက် နယ်မြေအတွင်းမှာ ပေ (၈၀x ၃၀x ၁၀) ပေ သိုလှောင်ရုံနဲ့ (၈၀x ၄၀x ၁၂) ပေ သိုလှောင်ရုံ (၂)လုံးကို ဒေသထွက်ပြောင်းဖူးစေ့များ ဝယ်ယူသိုလှောင်ရန်အတွက်ဆိုပြီးတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နေပြီးတော့ ကျွန်တော်တို့ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ လယ်ယာကို မကွေးတိုင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကနေပြီးတော့ ကျွန်တော်တို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဝန်ကြီးဌာနကို ၆-၅-၂၀၀၅ ရက်နေ့မှာ ကျွန်တော်တို့ လွှဲပြောင်းပေးခဲ့ပါတယ်။ ဒီသိုလှောင်ရုံတည်ရှိတဲ့ မြေကွက်က တောင်တွင်းကြီးမြို့နယ် ကြေးတိုင်နဲ့

မြေစာရင်းရုံးရဲ့ မှတ်တမ်းများအရ ၁၉၉၃ ခုနှစ်ကစတင် ပြီးတော့ အစိုးရပိုင် မြေအဖြစ် မြေပုံ မြေရာဇဝင်မှာ မှတ်တမ်းတင်ထားကြောင်းလည်း တွေ့ရပါတယ်။

အဆိုပါကျောင်းတိုက်ရဲ့မြေကို ၁၉၅၆ ခုနှစ်မှာတော့ နယ်ပိုင်ဝန်ထောက်ကြီး ဦးရှိန် က နေပြီးတော့ သာသနာ့နယ်အဖြစ် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီးတော့ ၂၀၁၄ ခုနှစ်မှာ ကုန်သွယ်ရေးဝန်ကြီး ဌာန မြန်မာ့လယ်ယာအတွက် ကုန်ပစ္စည်းရောင်းဝယ်ရေးကနေပြီးတော့ သိုလှောင်ရုံ (၂) လုံးကို ဆောက်လုပ်ပြီးတော့ မြန်မာ့စားသောက်ကုန်လုပ်ငန်း ပြောင်းဖူးထွက်ကုန် ပစ္စည်းစက်ရုံကို လွှဲပြောင်း ပေးခဲ့ကြပါတယ်။ သာသနာ့မြေလွတ်အပေါ်မှာ သာသနိက အဆောက်အဦများကိုသာ ဆောက်လုပ်ခွင့် ပြုရန် ယင်းအဆောက်အဦများ၌ ဗုဒ္ဓသာသနာတော်အတွက် အကျိုးရှိသော လုပ်ငန်းများကိုသာ ခွင့်ပြုရန် သာသနာ့မြေအဖြစ်မှ ရွေ့လျောမှုမရှိစေရန်နှင့် ဝတ္တကမြေများ မဆုံးရှုံးစေရေးအတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် အငြင်းပွားမှုများဖြစ်ပေါ်လာပါက သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း ဝိနည်း ဓမ္မက များနဲ့အညီ လိုက်နာဖြေရှင်းရန်ဟု နိုင်ငံတော်သံဃာမဟာနာယက အဖွဲ့မှ ညွှန်ကြားထားကြောင်းနဲ့ ဆတ်သွားသမိုင်းဝင် ဆုတောင်းပြည့်ဘုရားကြီး ကျောင်းတိုက်ဝင်း အတွင်း သာသနာ့ဝတ္တကမြေများကို မူလသာသနာ့ ဝတ္တကမြေများအဖြစ် ဆက်လက်ထားရှိသင့် ကြောင်းလည်း သာသနာရေးဝန်ကြီးဌာနမှ သဘောထားမှတ်ချက်များ ပြန်ကြားရရှိလာပါတယ်။

စက်မှုဝန်ကြီးဌာနအနေနဲ့ လက်ရှိတော့ ပြောင်းဖူးထွက်ကုန်ပစ္စည်းများ စက်ရုံလည်ပတ် ရပ်နားထားတဲ့အတွက်ကြောင့် အဆိုပါ သိုလှောင်ရုံ (၂) လုံးကို ခေတ္တအသုံးပြုခြင်း မရှိသော်လည်း စက်ရုံများပြန်လည် လည်ပတ်တဲ့အခါမှာတော့ အဝယ်ဒိုင်များအတွက် ပြောင်းဖူးစေ့များ သိုလှောင်ရုံ အဖြစ် အသုံးပြုလိုပါတယ်။ သို့သော်လည်း အဆိုပါ သိုလှောင်ရုံ (၂) လုံးတည်ရှိတဲ့ မြေနေရာဟာ ဆတ်သွားသမိုင်းဝင်ဆုတောင်းပြည့် ဘုရားကြီး ကျောင်းတိုက်ရဲ့ သာသနာ့ဝတ္တကမြေ ဖြစ်နေတဲ့ အတွက်ကြောင့် ဒီသိုလှောင်ရုံ (၂) လုံးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ရှင်းလင်းဖျက်သိမ်းပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်း တွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်တွင် Micro Wave Transmission Tower ဆက်ကြောင်း တည်ဆောက်မှု အခြေအနေကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က ချင်းပြည်နယ် တွင် Micro Wave Transmission Tower ဆက်ကြောင်း တည်ဆောက်မှု အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မတူပီမြို့နယ် ရွာနဲ့လည်း နီးစပ်သည့် ပလက်ဝ၊ အဲဒီမြို့နယ်တွေမှာ ဆက်သွယ်ရေးအခက်အခဲ အလွန်ရှိတဲ့အတွက် Micro Wave Transmission Tower ဆက်ကြောင်း တည်ဆောက်မှု အခြေအနေမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်မေးမြန်းမှာ ဖြစ်ပါတယ်။

အဲဒီမေးခွန်း မမေးမြန်းခင်မှာ လောလောဆယ် မတူပီမြို့ပေါ်မှာ တယ်လီဖုန်း အဆက်အသွယ် လုံးဝမရနိုင်တဲ့အကြောင်းကို ကျွန်တော် အိတ်ချိန်းရုံးသွားပြီး မေးတဲ့အခါမှာ တာဝန်ခံအော်တို အိတ်ချိန်းရုံးက ပြောပြတဲ့အချက်ကို ကျွန်တော် ဦးစွာတင်ပြပါမယ်။ အဲဒီ ဦးစွာကို ဆောင်ရွက်ပေးလို့ရှိရင် ဒီ Micro Wave Transmitter ကိုလည်း တည်ဆောက်စရာလည်း မလိုဘဲနဲ့ အဆင်ပြေနိုင်စရာအကြောင်း ရှိပါတယ်။ မတူပီမြို့ဟာ ဂြိုလ်တု စလောင်းစနစ်ဖြင့် တည်ဆောက်ထားတဲ့ အော်တိုအိတ်ချိန်းလိုင်းရှိပါတယ်။ အဲဒီ အဝေးလိုင်း ဂြိုလ်တုစနစ် E လိုင်းမှာ တပ်ဆင်နိုင်သောအင်အား 8E , 6E တပ်ဆင်နိုင်ပြီး လက်ရှိတွင် 1E သာ တပ်ဆင်ထားပါတယ်။ အိတ်ချိန်းရုံးရဲ့ E အဝေးလိုင်း အနေဖြင့် 6E တပ်ဆင်နိုင်ပါသော်လည်း 1E သာ တပ်ဆင်ထားပါသဖြင့် အဝေးလိုင်းများကျပ်တည်းရခြင်းလို့ တာဝန်ခံက ပြောပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယဝန်ကြီးကို တင်ပြချင်တာက လောလောဆယ် Micro Wave Transmission မတည်ဆောက်နိုင်တောင်မှ အဲဒီ 6E မပေးနိုင်တောင်မှ 1E ကနေ 2E 3E လောက်တပ်ဆင်ပေးနိုင်ရင် မတူပီမြို့နယ် တယ်လီဖုန်းအလုံး (၂၁၅) လုံးကို လွယ်လင့်တကူစွာနဲ့ ဆက်သွယ်နိုင်မယ်လို့ ကျွန်တော် တင်ပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်မာ့ Micro Wave Transmission Tower ကို ချင်းပြည်နယ် ပြည်သူများ တယ်လီဖုန်းဆက်သွယ်မှု လွယ်ကူစေရန် ၂၀၁၃-၂၀၁၄ နှစ်မှာ စတင်ဆောင်ရွက် လျက်ရှိကြောင်း ကြားသိရပါတယ်။ တည်ဆောက်မှုလုပ်ငန်းကို တစ်နှစ်အတွင်းပြီးစီး အောင် ဆောင်ရွက်မယ်လို့ ကြားသိရပါသော်လည်း ယနေ့အထိ ပြီးစီးမှုမရှိသည့်အပြင် စက်မှု အဆောက်အဦလုပ်ငန်းများကို ယခုနှစ်ဇွန်ဦးကာလ နှစ်ဦးပိုင်းမှာမှ ပြီးစီးအောင် တည်ဆောက် ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေး (၃၆)ရက်မြောက်အစည်းအဝေးမှာ ဝန်ကြီးက အောက်ပါအတိုင်းဖြေကြားသွားပါတယ်။

မတူပီ အော်တိုအိတ်ချိန်း အဝေးဆက်ကြောင်းအတွက် V sat စလောင်းစနစ်မှ Micro Wave စနစ်အသုံးပြုမည့် စနစ်သို့ တိုးမြှင့်ပေးရန် စီစဉ်ထားပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားပါကြောင်း ဖြေကြားသွားပါတယ်။ သို့သော် ယခုအနှစ်ကာလနဲ့တွက်ရင် (၃) နှစ်ရှိပါပြီ။ အဲဒီတော့ ဒီနေ့ ဒီကိစ္စကို ပြည်သူများကရော၊ ဒေသခံ ဝန်ထမ်းများကရော အခက်အခဲ အလွန်ရှိတဲ့အတွက် မေးမြန်းပါဆိုတဲ့အတွက် အောက်ပါမေးခွန်းကို ကျွန်တော်မေးမြန်းမှာ ဖြစ်ပါတယ်။ Transmission Tower ကို ယနေ့တိုင်ဆောက်လုပ်ခြင်း မရှိသေးပါသဖြင့် ဒေသခံပြည်သူများရဲ့

အလိုအရ အောက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (က) ချင်းပြည်နယ်ရှိ ဟားခါး၊ ရီဇွန်၊ မတူပီ နန်းတန်မြို့ ပလက်ဝကျေးရွာများရှိပြည်သူများ ဆက်သွယ်ရေး လွယ်ကူစေရန် တည်ဆောက်မည့် Micro Wave Transmission Tower အား မည်သည့် အချိန်ကာလတွင် ပြီးစီးအောင် တည်ဆောက်နိုင်မည်နည်း။ (ခ) Transmission Tower တည်ဆောက်မှုလုပ်ငန်းကို မည်သည့်အကြောင်းကြောင့် မူလသတ်မှတ်သည့် အချိန်ကာလအတွင်း ပြီးစီးအောင် မတည်ဆောက်နိုင်ပါသနည်း။ ကျေးဇူးတင်ပါတယ်။

**ကယားပြည်နယ်၊ ရှားတောမြို့နယ်တွင် WCDMA, CDMA-450 MHz , 800 MHz , GSM တာဝါတိုင် စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးရယ် က ကယားပြည်နယ်၊ ရှားတောမြို့နယ်တွင် WCDMA, CDMA-450 MHz , 800 MHz , GSM တာဝါတိုင် စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးဌေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးရယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းမေးမြန်းရခြင်းဟာ ကယားပြည်နယ်အတွင်းအသစ် တည်ဆောက်နေတဲ့ Mobile Tower တိုင်စခန်း (၇) ခုအနက် လွိုင်ကော်မှာ (၂) ခု၊ တီမောဆို ၊ ဖရူဆို၊ ဖော်လခဲ၊ ဖားဆောင်းနဲ့ နယ်စပ်တွေမှာ (၁) ခုစီဖြစ်ပြီးတော့ ရှားတောမြို့နယ်အတွင်း မပါဝင်သေးကြောင်း စိစစ်တွေ့ရှိရတာကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ရှားတောမြို့ဟာ လွိုင်ကော်အရှေ့ဘက် (၄၁) မိုင်မှာ တည်ရှိပြီးတော့ ပင်လယ်ရေပြင်အမြင့် (၉၃၆) ပေသာရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ အရင်တုန်းက တပ်ကိုသာ စက်နဲ့ ချိတ်ဆက် ဆက်သွယ်ပေးခဲ့တာမို့ မိုဘိုင်းဖုန်းများဆက်သွယ်အသုံးပြု ပြောဆိုနိုင်ခဲ့ကြပေမယ့် လုံခြုံရေးအရ ဆက်သွယ်မှုကို ဖြတ်တောက်လိုက်တဲ့အခါမှာ IP Star နဲ့ CDMA-450 များသာ အသုံးပြုနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ၅-၄-၂၀၁၄ ရက်မှာ မြေပြင်တိုင်းတာမှုပြုလုပ်ခဲ့ပြီးတော့ တာဝါတိုင်များတည်ဆောက်နိုင်မှုနဲ့ မြေပြင်အနေအထားများ လာရောက်တိုင်းတာခဲ့ကြပေမယ့် ယခုထိတိုင် လျာထားချက်များမပါဝင်သေးတဲ့အတွက်ကြောင့်မို့ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲတိုင်းမှာ ပြည်သူများအနေနဲ့ မိုဘိုင်းဖုန်းများဝယ်ယူထားကြပြီး ဆက်သွယ်ပြောဆိုမရတဲ့အတွက် သူတို့ရဲ့တင်ပြမေးမြန်းချက်တွေကို တိကျတဲ့ အဖြေများမပေးနိုင်ဘဲနဲ့ သည်းခံစောင့်ဆိုင်းဖို့သာ နှစ်သိမ့်ခဲ့ရပါတယ်။

ဒါကြောင့်မို့ ကယားပြည်နယ်တစ်ခုလုံးကို မိုဘိုင်းဖုန်းတာဝါတိုင်များ စိုက်ထူပေးပြီး ရှားတောမြို့ကိုအဘယ်ကြောင့် ချန်ထားပါသလဲဆိုတဲ့ မေးခွန်းနဲ့ စိုက်ထူတည်ဆောက်ပေးရန်

အစီအစဉ် ရှိ/မရှိနဲ့ ရှိပါကလည်း မည်သည့်အချိန်တွင် လျာထားဆောင်ရွက်ပေးနိုင်မည် ကိုသိရှိလို ပါကြောင်း ပြည်သူများကိုယ်စားအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်း အချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၉။**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း လေးစားစွာဖြင့် ဆန္ဒပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းပဲ ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ရဲ့ ချင်းပြည်နယ်မှာ Micro Wave Transmission Tower ဆက်ကြောင်းတည်ဆောက်မှုအခြေအနေကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားပေးသွားပါမယ်။ ကျွန်တော် မင်းတပ်၊ မတူပီ၊ ဟားခါး၊ ရီခေါဒါ Micro Wave ဆက်ကြောင်းကို အိန္ဒိယချေးငွေနဲ့ ဆောင်ရွက်ဖို့ စတင်စီမံလျာထားခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အိန္ဒိယချေးငွေ ရရှိပြီးမှသာ ကျွန်တော်တို့ တာဝါတိုင်တွေ ရေဒီယိုစက်ပစ္စည်းတွေနဲ့ ပါဝါစက်ပစ္စည်းများကို တင်ဒါခေါ်ပြီး ဝယ်ယူရေးကို ဆောင်ရွက်ဖို့ စီစဉ်ခဲ့ရပါတယ်။ တာဝါတိုင်တွေ ဝယ်ယူပြီးမှသာလျှင် တာဝါဖောင်ဒေးရှင်း Drawing ကို ရရှိမှာဖြစ်ပြီးတော့ တာဝါဖောင်ဒေးရှင်း လုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့ ဆိုပြီးတော့ ကျွန်တော်တို့ စီစဉ်လျာထားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အိန္ဒိယချေးငွေ မရရှိခဲ့တဲ့အတွက် တာဝါတိုင်များ၊ ရေဒီယိုစက်ပစ္စည်းများနှင့် ပါဝါစက်ပစ္စည်းများကို ဝယ်ယူရေးဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် တာဝါဖောင်ဒေးရှင်းနဲ့ စက်တပ်ဆင်မှုစရိတ်တွေကို ကျွန်တော်တို့ ရန်ပုံငွေ ပြန်လည် အပ်နှံခဲ့ရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တာဝါဖောင်ဒေးရှင်းလုပ်ငန်းကို မဆောင်ရွက်နိုင်ဘဲနဲ့ စက်မှုအဆောက်အဦများ ကိုသာ ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။

အိန္ဒိယချေးငွေ ရရှိပြီးလို့ရှိရင် တာဝါတိုင်တွေ ရေဒီယိုစက်ပစ္စည်းတွေနဲ့ ပါဝါစက်ပစ္စည်းတွေကို ဝယ်ယူပြီးတဲ့နောက် တာဝါဖောင်ဒေးရှင်းနဲ့ စက်တပ်ဆင်ခြင်းလုပ်ငန်းတွေကို ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ထို့အတူ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ လက်ရှိအခြေအနေကို လတ်တလော စီမံဆောင်ရွက်လို့ရ အောင် ကျွန်တော့်တို့အနေနဲ့ အင်ဂျင်နီယာအဖွဲ့ တစ်ဖွဲ့ကို အမြန်ဆုံးစေလွှတ်ပြီး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပါမယ်။ ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်အရ လတ်တလောဆောင်ရွက်ပေးလို့ ဆက်သွယ်ရေး ကောင်းအောင် လုပ်နိုင်တဲ့ အပိုင်းလေးတွေ ရှိလို့ရှိရင်လည်း လတ်တလောစီစဉ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်းနဲ့ အိန္ဒိယ

ချေးငွေအနေနဲ့ ကြန့်ကြာနေမယ် ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ နိုင်ငံတော်ကနေပြီး ဘဏ္ဍာငွေ ရရှိတဲ့ နည်းလမ်းများကို ကျင့်သုံးပြီးတော့ တစ်ဖက်ကနေပြီးတော့ ဆက်လက်ဆောင်ရွက် ပေးသွားမှသာ ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးရယ် ရဲ့ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ရှားတောမြို့နယ်မှာ WCDMA, CDMA-450 MHz နဲ့ 800 MHz , GSM တာဝါတိုင် စိုက်ထူပေးဖို့ အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေး စီမံကိန်းတွေကို ကျွန်တော်တို့ နှစ်စဉ်စီမံကိန်းချမှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း ကျွန်တော်တို့ စီမံကိန်းအရ ကယားပြည်နယ်အတွင်းမှာ GSM ရေဒီယို စခန်း (၇)ခုကို လွိုင်ကော်မှာ(၂)ခု၊ ဒီမောဆိုး၊ ဖရူးဆိုး၊ ဘော်လခဲ၊ ဖားဆောင်းနဲ့ မယ်စဲ့တို့မှာ (၁)ခုစီ တည်ဆောက်တပ်ဆင်ပေးဖို့ ဆောင်ရွက်ခဲ့ရာမှာ ကျွန်တော်တို့ ရှားတောမြို့နယ်ကတော့ လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ကျန်ရှိနေပါတယ်။ ဒီလိုအခြေအနေတွေဟာလည်း ကျွန်တော်တို့ သက်ဆိုင်ရာကယားပြည်နယ် အစိုးရနဲ့ပဲ လက်ရှိတည်ဆောက်ပြီးဖြစ်တဲ့၊ ဆက်သွယ်ပြီးဖြစ်တဲ့ ဖိုက်ဘာ အခြေအနေတွေ၊ အနီးစပ်ဆုံးစိုက်ထူထားတဲ့ တာဝါတိုင်တွေ အခြေအနေနဲ့ နည်းပညာပိုင်းဆိုင်ရာ၊ ရာသီဥတု၊ သဘာဝမြေပြင် အနေအထားတွေကို တွက်ချက်ပြီးတော့ သက်ဆိုင်ရာပြည်နယ် အစိုးရနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခဲ့ခြင်းများပဲဖြစ်ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ကျန်ရှိတဲ့ ဒီရှားတော အတွက်ကို နောက်ထပ်ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမယ့် မိုဘိုင်းတယ်လီဖုန်း တိုးချဲ့ တပ်ဆင်ခြင်း စီမံကိန်းမှာ ရှားတောမြို့နယ်မှာ GSM ရေဒီယိုစခန်း တည်ဆောက်တပ်ဆင် ပေးနိုင်ဖို့ အတွက် ကယားပြည်နယ် အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ဦးစားပေးအစီအစဉ်အရ အဆင့်လိုက်မှာ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ် ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ကယားပြည်နယ်၊ ဖားဆောင်းမြို့၊ မြန်မာ့ စီးပွားရေးဘဏ်၌ နိုင်ငံခြားငွေလဲလှယ် ရောင်းဝယ်ရေး လုပ်ငန်းခွဲ တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး မောင်မောင်ကြီး က ကယားပြည်နယ်၊ ဖားဆောင်းမြို့၊ မြန်မာ့ စီးပွားရေးဘဏ်၌ နိုင်ငံခြားငွေလဲလှယ် ရောင်းဝယ်ရေး လုပ်ငန်းခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဗိုလ်မှူးမောင်မောင်ကြီး (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာဂါရဝပြု

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း(၂၂၁၃၀) ဗိုလ်မှူးမောင်မောင်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ ဖားဆောင်းမြို့၊ မြန်မာ့ စီးပွားရေးဘဏ်၌ နိုင်ငံခြားငွေလဲလှယ် ရောင်းဝယ်ရေး လုပ်ငန်းခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးမြန်းတင်ပြ သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးမြန်းတင်ပြမှုအား Power Point ဖြင့် မေးမြန်းတင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။

ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်ဟာ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့နဲ့ ပျမ်းမျှ(၄၀) မိုင်သာကွာဝေးပါတယ်။ ဖားဆောင်းမြို့နယ်မှ ကုန်သည်များအနေနဲ့ မယ်စဲ့မြို့နယ်ကိုဖြတ်၍ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့ကို ဥဒဟိုသွားရောက်ပြီး ကုန်များဝယ်ယူရောင်းချလျက်ရှိပါတယ်။ အဲဒီလို ဝယ်ယူရောင်းချရာမှာ ထိုင်းနိုင်ငံ ဘတ်ငွေကို ပြင်ပပေါက်ဈေးအတိုင်း လဲလှယ်ရောင်းဝယ် နေကြရ ပါတယ်။ လက်ရှိတရားဝင် လဲလှယ်နှုန်းအရ ထိုင်းဘတ်ငွေတစ်ဘတ်ဟာ မြန်မာကျပ်ငွေ (၃၀.၂၃၈) ဖြစ်ပါတယ်။ ဖားဆောင်းမြို့နယ် ပြင်ပပေါက်ဈေးအနေနဲ့ ထိုင်းဘတ်ငွေတစ်ဘတ်ဟာ မြန်မာကျပ်ငွေ (၃၂)ကျပ်နဲ့ တရားမဝင်လဲလှယ် ရောင်းဝယ်လျက်ရှိပါတယ်။ ဒေသခံများ ပြောကြားချက်အရ ထိုင်း ဘတ်ငွေတစ်ဘတ်ဟာ မြန်မာကျပ်ငွေ မည်မျှဖြစ်စေကာမူ တရားမဝင်လဲလှယ်နှုန်းအရ အနည်းဆုံး ထိုင်းဘတ်ငွေတစ်ဘတ် လဲလှယ်တိုင်း မြန်မာကျပ်ငွေ(၂)ကျပ်ခန့် ဈေးပိုပေးနေရကြောင်း သိရှိရ ပါတယ်။ ဥပမာ ထိုင်းဘတ်ငွေ (၁)သန်းလဲလှယ်တိုင်း မြန်မာကျပ်ငွေ(၂)သန်းနီးပါး ပိုပေးနေရတာကို တွေ့ရပါတယ်။ ပြင်ပပေါက်ဈေးဟာ တရားဝင်လဲလှယ်နှုန်းထက် များနေခြင်းကြောင့် ဒေသခံ တိုင်းရင်းသားများ နစ်နာနေတာကိုတွေ့ရပါတယ်။

ယခုအခါ ဖားဆောင်းမြို့နယ်၌ သံလွင်မြစ်ကူး တံတား တည်ဆောက်လျက်ရှိပြီဖြစ်ပါတယ်။ ဖော်ပြပါပုံများကတော့ ရှိပါတယ်။ ဖော်ပြပါပုံများကတော့ ဖားဆောင်း- မယ်စဲ့လမ်း ပုံများပဲ ဖြစ်ပါတယ်။ ဖားဆောင်းမြို့နယ် သံလွင်မြစ်ကူးတံတား တည်ဆောက်ပြီးစီးပါက ထိုင်းနိုင်ငံ မယ်ဟောင် ဆောင်ခရိုင်နဲ့ ပိုမိုကူးလူး ဆက်ဆံလာပြီး ကုန်စည်စီးဆင်းမှုပိုမိုလာမည်ဟု ယုံကြည်မိ ပါတယ်။ ကုန်စည်စီးဆင်းမှု များပြားလာသည်နှင့်အမျှ နယ်စပ်ကုန်သွယ်ရေးဂိတ်ပါ ဖွင့်လှစ်ရန် စီစဉ် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ကုန်စည် စီးဆင်းမှု ဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံခြားငွေ သုံးစွဲမှု များပြားလာမှာဖြစ်ပါတယ်။

မကြာမီကာလအတွင်း ကုန်သွယ်မှုဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံခြားငွေများ လဲလှယ် ရောင်းဝယ်မှု များပြားလာမည်ဟု ယုံကြည်မိပါတယ်။ နိုင်ငံခြားသုံးငွေများ နိုင်ငံတော်မှ ထိန်းချုပ် ပေးနိုင်မှသာ နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေများ စုဆောင်းနိုင်မည့်အပြင် ကုန်သွယ်သူများ အနေဖြင့် ငွေလဲလှယ်နှုန်း မတရားမှုများ လျော့ပါးပြီး ကုန်သွယ်မှုပိုမိုလာမည်ဟု ယုံကြည်မိပါတယ်။ ဒါကြောင့် ကယားပြည်နယ်၊ ဖားဆောင်းမြို့ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံခြားငွေလဲလှယ် ရောင်းဝယ်ရေး လုပ်ငန်းခွဲတစ်ခု ဖွင့်လှစ်ပြီး အတွေ့အကြုံများ ကြိုတင်ရယူထားသင့်ပြီလို့ ယူဆမိပါတယ်။

သို့ဖြစ်ပါ၍ ဖားဆောင်းမြို့ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်ရေး လုပ်ငန်းခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိလျှင် မည်သည့်အချိန်တွင် ဖွင့်လှစ်

ပေးနိုင်မည်ကို တိုင်းရင်းသားပြည်သူတို့၏ အကျိုးအားရည်မျှော်၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လမ်းများလည်းတိုးချဲ့ ဖောက်လုပ်နေသော ပုံ (၈)




ဖားဆောင်းမြို့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အဦပုံ (၈-၁)




**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၇။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ကြီး ရဲ့ မေးခွန်းကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း မှ ဖြေကြားပေး သွားမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်မှာတော့ ဖားဆောင်းမြို့နယ်မှာ မြန်မာ့ စီးပွားရေးဘဏ်တွေနဲ့ နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်ရေးလုပ်ငန်း ဖွင့်ဖို့အစီအစဉ် ရှိ၊ မရှိဆိုတာ မေးသွားတာဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေး တိုးတက်မှုကောင်းလာတာလည်းပဲ အမှန်ဖြစ်ပါတယ်။ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ ဖားဆောင်းမြို့ ဘဏ်ခွဲကိုပဲ နိုင်ငံခြားငွေလဲလှယ် ရောင်းချဖို့ လုပ်ငန်းလုပ်ကိုင်ခွင့်ပေးဖို့အတွက် အစီအစဉ်ရှိပါတယ်။ ဘယ်တော့လုပ်ပေးမလဲ ဆိုလို့ ရှိရင်တော့ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်ပြီးတဲ့အချိန်မှာ ကျွန်တော်တို့ လုပ်ပေးပါ့မယ်။ အဲဒါကို ကြိုတင်ပြင်ဆင်တဲ့အနေနဲ့လည်းပဲ နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်ရေး လိုင်စင်ကို ၂၀၁၂ ခုနှစ် နိုင်ငံခြားငွေ စီမံခန့်ခွဲရေးဥပဒေနဲ့အညီ လျှောက်ထားရယူပြီး ဖြစ်ကြောင်းလည်း ကြိုတင် တင်ပြအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၁၀)နာရီတွင် ရပ်နားပြီး (၁၁း၂၅)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းထားတဲ့ ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ၃-၇-၂၀၁၄ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့မှာ ကိုယ်စားလှယ်(၁၆)ဦးက ဆွေးနွေးခဲ့ပါတယ်။

ယခု အဆိုနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဦးအောင်မင်း (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄))**။ ။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာ အပေါင်း နဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်မြေ အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းသည့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည် အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုနဲ့ပတ်သက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၆)ဦးက ကျယ်ပြန့်စွာ ပါဝင် ဆွေးနွေးမှုများအပေါ်တွင် ပြန်လည်ရှင်းလင်းတင်ပြခွင့် ရရှိခဲ့တဲ့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဗဟိုလုပ်ငန်းကော်မတီနှင့် ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်နေကြသူများ အားလုံးကိုယ်စား များစွာ ဂုဏ်ယူမိပါကြောင်း ပြောကြား လိုပါတယ်။ အထူးသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီအဖွဲ့ဝင်ဖြစ်သည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကို ဒီအမျိုးသား လွှတ်တော်တွင် ယခုကဲ့သို့ လာရောက်ရှင်းလင်း တင်ပြခွင့်ပြုသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လက်ရှိကြိုးပမ်း တည်ဆောက်လျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်သည် မိမိတို့မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် သာမကဘဲ လက်ရှိအစိုးရလွှတ်တော်၊ နိုင်ငံရေး ပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တပ်မတော်နှင့် တိုင်းရင်းသား

ပြည်သူလူထုတစ်ရပ်လုံး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအပေါ်များတွင် တိုက်ရိုက်ချိတ်ဆက်အကျိုးသက်ရောက်နေပါတယ်။

ယခုအချိန်အခါဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ဟန်ချက်ညီညီချိတ်ဆက်လုပ်ဆောင်နိုင်မှသာ စီးပွားရေးအရ အောင်မြင်ပြီးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်မည်ဟု ခံယူပါကြောင်းပြောကြားလိုပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ် စတင်ပေါ်ပေါက်လာပုံအဆင့်ဆင့်ကို အကျဉ်းချုပ်တင်ပြရမယ်ဆိုပါက နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သည့် လက်ရှိအစိုးရတာဝန်ယူသည့် အချိန်မှစ၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးအောင်သောင်း၊ ဦးသိန်းဇော် ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အဖွဲ့ဖွဲ့စည်းပြီး KIO၊ KIA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းမှ အစပြုခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပဲ ၂၀၁၁ ခုနှစ် ဩဂုတ်လ (၁၈)ရက်တွင် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန် မှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများ ပြုလုပ်ခဲ့ပါတယ်။ ထိုအချိန်မှစ၍ နိုင်ငံတော်သမ္မတကြီး၏ တာဝန်ပေးညွှန်ကြားချက်အရ ကျွန်တော်ဦးဆောင်ပြီး ၂၀၁၁ခုနှစ်၊ စက်တင်ဘာလပိုင်းတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား လိုက်လံတွေ့ဆုံ၍ ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုများပြုလုပ်ခဲ့ပါတယ်။

ထို့နောက် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့တွင် ပြည်ထောင်စု ဝန်ကြီးများပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပြီး KNU၊ RCSS၊ KNPP၊ MNSP အစရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများနဲ့ စတင်နိုင်ခဲ့ပါတယ်။ ထိုမှတစ်ဆင့် ၂၀၁၂ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးဆောင်သော အဖွဲ့ဝင် (၁၁)ဦးပါ ပြည်ထောင်စု ငြိမ်းချမ်းရေးဖွဲ့စည်းရေးဗဟိုကော်မတီကိုဖွဲ့စည်းခဲ့ပါတယ်။ ထိုဗဟိုကော်မတီတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တို့လည်း ဦးဆောင် ပါဝင်ပါတယ်။

လက်တွေ့လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်တို့ ဒုတိယဥက္ကဋ္ဌများ အဖြစ်ပါဝင်ပြီး တပ်မတော်၊ အစိုးရ၊ ပြည်သူ့လွှတ်တော်တို့မှ အဖွဲ့ဝင် (၅၂)ဦး ပါဝင်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တွင် အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန Myanmar Peace Center ကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ(၂၆)ရက်နေ့တွင် သမ္မတကြီးက ဖွဲ့စည်းတည်ထောင်ပေးခဲ့ပါသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို တွေ့ဆုံဆွေးနွေးမည်ဆိုသည့် နိုင်ငံတော်၏ မူဝါဒအရ မိမိတို့လုပ်ငန်းကော်မတီအနေနဲ့ အဖွဲ့အကြီး၊ အသေးအားလုံးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဓိက ဆွေးနွေးဘက်များအနေနဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (၁၆)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရရှိရန် ဆွေးနွေးညှိနှိုင်းခဲ့ပြီး လက်ရှိအနေအထားတွင် (၁၄)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်များ ရေးထိုးထားပြီးဖြစ်ပါတယ်။ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် (၂)ဖွဲ့အနက် KIO၊ KIA နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အခြေခံများပါသည့် သဘောတူညီချက်အဆင့်ဆင့်ကိုလည်း လက်မှတ် ရေးထိုးနိုင်ခဲ့ပါတယ်။ လက်ရှိအနေအထားသည် တစ်နိုင်ငံလုံး လွှမ်းခြုံမှုအနေဖြင့် အပစ်အခတ် ရပ်စဲရေး လုပ်ငန်းစဉ်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ညှိနှိုင်းအကောင်အထည်ဖော်လျက် ရှိတဲ့ကာလလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထောက်ခံမှုရရှိရန်လည်း အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိအခြေအနေတွင် မိမိတို့ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်အဆင့်ဆင့်ကို ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်း၊ ဥရောပသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် အစရှိတဲ့ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ထောက်ခံမှုပေးသည့်အနေနဲ့ လိုအပ်သည့် ကူညီပံ့ပိုးမှုများနှင့် နည်းပညာအထောက်အကူများ ပံ့ပိုးပေးလျက်ရှိပါသည်။ မိတ်ဖက်နိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဩစတေးလျနိုင်ငံ၊ နော်ဝေနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကလည်း လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်ခံအားပေးလျက် ရှိပါသည်။ ထို့အပြင် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများ၊ လူသားချင်းစာနာမှု အထောက်အကူပေးသည့် လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြသည့် INGO၊ NGO များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ ပညာရှင်များကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက် ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများ အောင်မြင်မှုရရှိပြီး ပေါ်ထွက်လာမည့် သဘောတူညီချက်များကို အခြေခံသည့် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ပြင်ဆင်မှုအနေဖြင့် Peace Donor Supporting Group(PDSG) ကိုလည်း ၂၀၁၂ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး က ဖွဲ့စည်းခွင့် ပြုခဲ့ပါသည်။ ထိုဖွဲ့စည်းမှုကို အခြေခံ၍ လုပ်ငန်းဆိုင်ရာ ပြင်ဆင်မှုများ၊ လိုအပ်သည့် ဆန်းစစ်လေ့လာမှုများနှင့် ရှေ့ပြေးစမ်းသပ်သော လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါတယ်။။

မိမိတို့ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေနဲ့ ငြိမ်းချမ်းရေးဆောင်ရွက်သည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အလွတ်သဘော အကြိမ် (၂၅၀) ခန့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲ အကြိမ်ပေါင်း (၅၀)ကျော် ပြုလုပ်နိုင်ခဲ့ပါတယ်။ လူထုအခြေပြုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ အကြိမ် (၁၅၀)ကျော် တွေ့ဆုံခဲ့ပါတယ်။

ထို့အပြင် ငြိမ်းချမ်း ရေးဆိုင်ရာ ပုံမှန်ဆွေးနွေးပွဲများ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေး ပွဲများ၊ ငြိမ်းချမ်းရေးဖိုရမ်များနှင့် နိုင်ငံတကာပညာရှင်များ ပါဝင်သည့် ကွန်ဖရင့်များကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍကို အလေး ထားသည့် အနေနဲ့ အမျိုးသမီးအဖွဲ့အစည်း များနှင့် ပူးပေါင်း၍ ဆွေးနွေးပွဲများ၊ သင်တန်းများကိုလည်း အလျဉ်းသင့်သလို ပြုလုပ်ခဲ့ပါတယ်။။ ငြိမ်းချမ်းရေးဖြစ်စဥ် ခိုင်မာရေးကို အထောက်အကူပြုရန် အတွက် နိုင်ငံတော်သမ္မတကြီး အပါအဝင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီတွင် ပါဝင်သည့် ခေါင်းဆောင်ကြီးများဖြစ်သည့် ဒေါက်တာစိုင်းမောက်ခမ်း၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် သူရဦးရွှေမန်း တို့အနေနဲ့လည်း တိုင်းရင်းသားအဖွဲ့အစည်း အသီးသီး၏ ခေါင်းဆောင်များနှင့် တရားဝင်တွေ့ဆုံမှုများ၊ အလွတ်သဘော တွေ့ဆုံမှုများကို ပြုလုပ်ခဲ့ကြပါတယ်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အနေနှင့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ် ရေးထိုးနိုင်ရေး အသေးစိတ်လုပ်ငန်းများညှိနှိုင်းဆောင်ရွက်ရန် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ဖွဲ့စည်း၍ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် လုပ်ငန်း ညှိနှိုင်းမှုများကို ပြုလုပ်နိုင်ခဲ့ပြီး၊ ယခုအခါတွင် သဘောတူညီချက် Single Text ဒုတိယမူကြမ်း အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။

ဆွေးနွေးညှိနှိုင်းမှုများ ဤအဆင့်သို့ တက်လှမ်းနိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကချင်ပြည်နယ်တွင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ပေါင်းစုံပါဝင်သော လိုင်ဇာညီလာခံနှင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကရင်ပြည်နယ် တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းပေါင်းစုံပါဝင်သော လော်ခီးလား ညီလာခံတို့ကို ကျင်းပပြုလုပ်နိုင်ရန် စီစဥ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထိုညီလာခံများမှ ရရှိခဲ့သော သဘော တူညီချက်များကို အခြေခံ၍ တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘော တူညီချက် လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရန် စီစဥ်ဆောင်ရွက် လျက်ရှိပါတယ်။ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းသည့် ငြိမ်းချမ်းရေးဆိုင်ရာအဆိုအပေါ်မူတည်၍ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်(၁၆)ဦးက ကျယ်ပြန့်ပြည့်စုံစွာ ဆွေးနွေးခဲ့သည့်အပေါ် မိမိတို့ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသူများက များစွာနှစ်ထောင်းအားရ ဖြစ်မိပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ်ခြုံငုံ၍ လိုအပ်သလို ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါတယ်။

ပထမဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးမှုများအနက် မိမိတို့ နိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပဋိပက္ခဆိုင်ရာ သမိုင်းအချက်အလက်များ၊ နိုင်ငံရေးဖြစ်စဥ်များနှင့် တပ်မတော်၏ အခန်းကဏ္ဍတို့ကို ယနေ့ခေတ် ကာလ ဖြစ်ထွန်းလျက်ရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဥ် များအပေါ် ချိတ်ဆက်ဆွေးနွေးမှုများ ထင်ဟပ်ချက်များ၏ လေးနက်မှုများကို တွေ့မြင်ရသည့် အတွက် ဆွေးနွေးကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများသာမက အမျိုးသားလွှတ်တော်

တစ်ရပ်လုံးက လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်အပေါ် အလေးအနက် ထားရှိကြောင်း သက်သေပင်ဖြစ်သည်ဟု ကျွန်တော့်အနေနှင့် ခံယူပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အထိ လက်နက်ကိုင်ပဋိပက္ခပေါင်းစုံ ဖြစ်ပွားနေသည့် နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ထိုပဋိပက္ခများချုပ်ငြိမ်းစေရန်နှင့် ငြိမ်းချမ်းရေးရရှိရန် ခေတ်အဆက်ဆက် အစိုးရများက နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်တိုင် ယနေ့အထိ ခိုင်မာသော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခြင်း မရှိသေးသည်မှာ ငြင်းဆို၍မရသော အချက်ပင်ဖြစ်ပါတယ်။ သို့သော်လည်း ယနေ့မိမိတို့ ရောက်ရှိနေသော ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်အဆင့်ဆင့်မှာ ငြိမ်းချမ်းရေး အတွက် မျှော်လင့်ချက်များရှင်သန်ပြီး အာမခံချက်ရှိသော အခွင့်အလမ်းများ ပွင့်လန်းနေသော အနေအထားဟု ဆိုရမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ တပ်မတော်ကိုယ်စားလှယ်များ၏ တင်ပြပြောဆိုချက်များဖြစ်သည့် နိုင်ငံတော်အစိုးရ၏ ထာဝရငြိမ်းချမ်းရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအတိုင်း တပ်မတော်အနေနှင့် လိုက်ပါဆောင်ရွက်လျက်ရှိပါကြောင်း ဆိုသည့်အချက်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်းအဖြေရှာရမည်ဖြစ်ကြောင်း၊ တပ်မတော်မှ ငြိမ်းချမ်းရေး မူဝါဒ(၆)ရပ်ကို ထားရှိပါကြောင်း၊ ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံတိုင်းတွင် မလိုလားအပ်သည့် ပဋိပက္ခများမဖြစ်စေရန် တပ်မတော်တစ်ရပ်တည်းသာ ဖွဲ့စည်းထားရှိပါကြောင်း၊ ယနေ့ မြန်မာ့ တပ်မတော်သည် တိုင်းရင်းသားအားလုံး ပါဝင်ထမ်းဆောင်နေသည့် ပြည်ထောင်စုတပ်မတော် ဖြစ်သည်ကို တွေ့ရမှာဖြစ်ကြောင်း ဆိုသည့်အချက်များသည် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် တပ်မတော်၏ သဘောထား ရပ်တည်ချက်များအဖြစ် ထင်ဟပ်စေသည်ကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ယခုဆောင်ရွက် လျက်ရှိသည့် Single Text သဘောတူညီချက် စာချုပ်မူကြမ်းဆွေးနွေးပွဲများတွင် တပ်မတော်မှ အဆင့်မြင့် ခေါင်းဆောင်ကြီးများပါဝင်ပြီး အသေးစိတ်ဆွေးနွေး ညှိနှိုင်းလျက်ရှိကြောင်း ကိုလည်း တင်ပြလိုပါတယ်။ ဆွေးနွေးညှိနှိုင်းမှုများအားလုံးနှင့် တပ်မတော်အပါအဝင် ဆွေးနွေးဘက် အားလုံးက အပြုသဘောဆောင်သည့် ချဉ်းကပ်မှုမျိုးဖြင့် တည်ဆောက်ရေးအမြင်ဖြင့် ဆွေးနွေးလျက် ရှိသည့်အတွက် နှစ်ဦးနှစ်ဘက်လက်ခံနိုင်သည့် အဆင့်သို့ တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်း တင်ပြလိုပါတယ်။

ကယားပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ် ဆွေးနွေး ပြောကြားသကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးကြီးတဲ့ အနာဂတ် လူငယ်တွေရဲ့အားကို ဖြုန်းတီးပစ်ခဲ့ကြကြောင်း၊ ကျွန်တော်တို့ တိုင်းရင်းသားတွေအနေနဲ့ ဒါကိုသင်ခန်း စာယူပြီး တိုင်းရင်းသားဒေသအသီးသီးမှာရှိတဲ့ သတ္တိ၊ ဗျတ္တိ အင်အားထုကို စုစည်းပြီးတော့ အရှေ့ တောင် အာရှမှာ ဂုဏ်သတင်းမွှေးပျံ့တဲ့ နိုင်ငံအဖြစ် ပြန်လည်ရပ်တည်သွားဖို့ အချိန်တန်ပြီဖြစ်ကြောင်း၊ တိုင်းရင်းသားတွေရဲ့ စည်းလုံးတဲ့အင်အားနဲ့ အမိနိုင်ငံတော်ကို တည်ဆောက်နိုင်ပြီဆိုတာ စွဲစွဲမြဲမြဲ ယုံကြည်ကြဖို့လိုကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ပြီး လှပတဲ့သမိုင်းမှတ်တိုင်အသစ်ကို စိုက်ထူကြဖို့ တိုက်တွန်းပါကြောင်း အစရှိတဲ့ ပြောကြားချက်များဟာ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်း နေကြတဲ့ ကျွန်တော်တို့ အားလုံးအတွက်သာမက ပြည်သူတစ်ရပ်လုံးအတွက်ပါ အင်အားများ ဖြစ်စေသည့် ပြောကြားချက်များ ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ဤအချက်ကို အခြေခံမူများအဖြစ်ခံယူပြီး ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဆွေးနွေးပြောကြားသည့် အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှုဖြစ်စဉ်နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လူ့အခွင့်အရေးအနေနဲ့ National Identity အမျိုးသားရေးလက္ခဏာကို ခေတ်နဲ့အညီ တည်ဆောက်ပေးခြင်းဖြင့် နိုင်ငံနဲ့ လူ့အဖွဲ့အစည်းများ၏ ညီညွတ်မှုကို အခြေခံသော နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုသဟဇာတရှိရှိနဲ့အတူ လက်တွဲပူးပေါင်းတည်ဆောက်ရန် လိုအပ်မယ်လို့ သုံးသပ်ယူဆမိကြောင်း ဆိုသည့်အချက် ပြောကြားချက်များသည် လက်ရှိ မိမိတို့နိုင်ငံတွင် ပြုလုပ်လျက်ရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လူမှုစီးပွား ပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့အတွက် ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများဖြစ်ပြီး ကျွန်တော်တို့ နိုင်ငံရဲ့ State Building၊ Nation Building၊ Peace Building တို့ကို အချိတ်အဆက်မိမိ လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်းကို ထင်ဟပ်စေသည့် ပြောကြားချက်များဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်သည် မိမိတို့ ပြည်ထောင်စု၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများ တစ်ခုချင်းစီ၏ အချိုးညီကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်သည်သာမက တိုင်းရင်းသားများ၏ တန်းတူရည်တူရှိမှုကို ထင်ဟပ်စေသည့် လွှတ်တော်တစ်ရပ်လည်း ဖြစ်ပါတယ်။

ထို့ကြောင့် မိမိအနေဖြင့် အထူးပြောကြားလိုသည်မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အနေဖြင့် မိမိတို့သက်ဆိုင်ရာမဲဆန္ဒနယ်မြေများရှိ ပြည်သူလူထုအားလုံးကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကျရာအခန်း ကဏ္ဍမှနေ၍ ပါဝင်ဆောင်ရွက်လာနိုင်ရေး စည်းရုံးလုပ်ဆောင် ပေးကြပါရန် မေတ္တာရပ်ခံ တင်ပြအပ်ပါတယ်။ အထက်ပါ နိုင်ငံရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်ဖက် လူ့အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာပေါ်ပေါက်ခဲ့သော ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် မိမိတို့ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအဆင့်မှနေ၍ နိုင်ငံရေးဆွေးနွေးပွဲများအဆင့်သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းကြရမည့် အချိန်ကာလလည်း ဖြစ်ပါတယ်။ ထိုသို့ ကြိုးပမ်းတည်ဆောက်နိုင်ရေးအတွက် မိမိတို့ နိုင်ငံသား တစ်ဦးချင်းစီအနေနှင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆောင်ရွက်ကြရမည်လည်းဖြစ်ပါတယ်။

လက်ရှိရရှိ ထားသော ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များ၏ အောင်မြင်ဖြစ်ထွန်းမှုအဆင့်ဆင့်သည် ဆွေးနွေးပွဲများဖြစ်သည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ စိတ်ရင်းစေတနာ မှန်မှန်ကန်ကန်နှင့် ကာလရှည်ကြာဖြစ်ပွားခဲ့သော ပဋိပက္ခများကို မိမိတို့လက်ထက်တွင် ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းဖြင့် အဖြေရှာမည်ဆိုသည့် နိုင်ငံရေး စေတနာမှန်ကန်မှုတို့ဖြင့် တည်ဆောက်ရရှိထားခြင်းပဲဖြစ်ပါတယ်။ ဤကဲ့သို့ တည်ဆောက်ရာတွင် ခေါင်းဆောင်မှုကဏ္ဍအနေနဲ့လည်း နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် နှင့် ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် လုပ်ဆောင်နိုင် ခြင်းကြောင့် အောင်မြင်မှုအဆင့်ဆင့် ရရှိနေခြင်းပဲဖြစ်ပါတယ်။ လက်ရှိအချိန်တွင် မိမိတို့ဝိုင်းဝန်း ဆောင်ရွက်လျက်ရှိသည့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲမှု တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးရေးမှာ အလွန်အရေးကြီးပါတယ်။

အဘယ်ကြောင့်ဆိုသော် ထိုသဘောတူညီချက်များအပေါ်တွင် အခြေခံ၍ ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းစဥ်များကို ဆက်လက်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက်ကြောင့် ဖြစ်ပါတယ်။ အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် အကောင် အထည်ဖော်မှု လုပ်ငန်းစဥ်များဖြစ်သည့် ဆက်ဆံရေးရုံများဖွင့်လှစ်ခြင်း၊ နှစ်ဖက်လိုက်နာရမည့် စည်းကမ်းများ သတ်မှတ်ခြင်း၊ စောင့်ကြည့်ရေးစနစ်များ ထူထောင်ခြင်းနှင့် ပဋိပက္ခဖြစ်ပွားမှု ကာကွယ်တားဆီးရေး ဆိုင်ရာ ကြိုတင်အသိပေးစနစ် များထူထောင်ခြင်းတို့ကို လုပ်ဆောင်ရမည် ဖြစ်ပါတယ်။ ထိုသို့လုပ်ဆောင်နိုင်မှသာ စည်းစနစ်ကျသည့် အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေး လုပ်ငန်းစဥ်များကို အောင်မြင်စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တစ်ဖက်တွင်လည်း ခိုင်မာသည့် အပစ်အခတ် ရပ်စဲရေးများ ထူထောင်နိုင်မှုသည် မကြာမီကျင်းပရန် စီစဥ်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး ဆွေးနွေးပွဲများကို ပိုမိုအောင်မြင်စေမှာဖြစ်ပါတယ်။ လက်ရှိ စီမံထားသော ငြိမ်းချမ်းရေး ဖြစ်စဥ်ကို အခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန်အတွက် လိုအပ်မည့် လမ်းပြမြေပုံနှင့် ပူးပေါင်းသဘောတူညီချက်များ၊ အခြေခံရမည့်မူများ၊ အစရှိသည့် လုပ်ငန်းစဥ် အဆင့်ဆင့်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲများအတွက် နိုင်ငံတော်က ချမှတ်ထားသည့် အခြေခံမူများမှာ ဒို့တာဝန်အရေး(၃)ပါးကို အခြေခံအဖြစ်ထားရှိ၍ ပြည်ထောင်စုမှ ခွဲထွက်ခြင်းမရှိဘဲ အချုပ်အခြာ အာဏာ ထိပါးမှုမရှိသည့် ကိစ္စရပ်များကို ဆွေးနွေးခွင့်ရှိခြင်းနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တစ်ရပ် တည်ဆောက်သွားရန်ဆိုသည်တို့ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး အနေနဲ့လည်း မိမိတို့မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းစဥ်များမှတစ်ဆင့် ပေါ်ပေါက်လာမည့် နိုင်ငံရေးဆွေးနွေးပွဲများ၏ အခန်းကဏ္ဍမှာ အလွန် အရေးကြီးကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့် ပါဝင်ထိုက် သူများနှင့် ပါဝင်ရမည့်သူများ ပါဝင်နိုင်ရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများကသာလျှင် မိမိတို့နိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးကို အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုနိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်ရေးအတွက် တွေ့ဆုံ ဆွေးနွေးရေးကသာလျှင် အဓိကဖြစ်ကြောင်း မကြာခဏ ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒီအချက်များကို ထောက်ရှုပါက နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေး စေတနာ မှန်ကန်မှု၊ ငြိမ်းချမ်းရေးဖြစ်စဥ်တွင် လွှတ်တော်များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ရန် ပြင်ဆင်ထားမှု၊ တပ်မတော်၏ သဘောထားကြီးမှုများနှင့် စိတ်ရှည်သည်းခံမှုတို့ကို ရှင်းလင်းပြတ်သားစွာ တွေ့မြင်ရမှာ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ကြောင်း တင်ပြလို ပါတယ်။

ထို့ကြောင့် မိမိတို့၏ ငြိမ်းချမ်းရေး ဖြစ်စဥ်သည် နိုင်ငံသားတိုင်းပူးပေါင်းဆောင်ရွက်ရမည့် အဆင့်ကိုတက်လှမ်းနိုင်ရန် ကျွန်တော်တို့အားလုံး လက်တွဲကြိုးပမ်းရမည့် အချိန်အတွင်းသို့ ရောက်ရှိ နေပြီဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ငြိမ်းချမ်းရေးအပေါ်တွင် နိုင်ငံတော်သမ္မတကြီး၏ ဆန္ဒ

ပြင်းပြမှုကို ထင်ဟပ်စေသည့် မိန့်ကြားချက်များဖြစ်သည့် လွှတ်လပ်ရေးရရှိပြီးချိန်မှစပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေးအကွဲအပြဲများကို အခြေခံတဲ့ ပဋိပက္ခများကြောင့် ခါးသီးတဲ့ အတွေ့အကြုံတွေ ကြုံတွေ့ခဲ့ရတယ်။ ယခုအချိန်မှာ ယင်းအတွေ့အကြုံများကို သင်ခန်းစာယူပြီး ပဋိပက္ခတွေချုပ်ငြိမ်းဖို့နဲ့ မိမိတို့ တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်ဖို့ လက်တွဲဖော်ဆောင်ရမယ့် အချိန်ကာလဖြစ်တယ်ဆိုတဲ့ တိုက်တွန်းပြောကြားမှုများကို အလေးအနက်ထားစေလိုကြောင်း ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်။ သမ္မတကြီးဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအဖွဲ့အနေဖြင့် အစိုးရသက်တမ်း ကာလတွင် ငြိမ်းချမ်းရေးဖြစ်စဉ်များ နောက်ပြန်မလှည့်စေရန် အခြေခိုင်တဲ့အုတ်မြစ်ချခဲ့ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်တွင် မည်သည့်အစိုးရတက်တက် လက်ရှိချထားတဲ့ ငြိမ်းချမ်းရေးအုတ်မြစ် ဒေါက်တိုင်ကိုအခြေပြုပြီး မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

ဒီအခြေခံကောင်းတွေကို မချမှတ်နိုင်ခဲ့ရင် နောက်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်များကို တစ်ကနေပြန်စရတာမျိုး မဖြစ်ရအောင်ဆိုတဲ့ စေတနာကိုအခြေခံထားပါတယ်။ ယနေ့ အဆိုတွင် ပါဝင်သည့် ငြိမ်းချမ်းရေး တည်ဆောက်ရေးဖြစ်စဉ်တွင် အားလုံး အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသော Myanmar Peace Centre နှင့် မိတ်ဖက်ငြိမ်းချမ်းရေး တည်ဆောက်မှု အဖွဲ့အစည်းအသီးသီး၏ လုပ်ဆောင်မှုများကို အသိအမှတ်ပြု ထည့်သွင်းပြောကြားခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ မကြာမီပေါ်ပေါက်လာမယ့် နိုင်ငံရေးဆွေးနွေးပွဲများအတွက်လည်း အမျိုးသားလွှတ်တော်ရဲ့ ထောက်ခံအားပေးမှုကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်ကြသူများအားလုံးက ယုံကြည်အားထားလျက်ရှိပါကြောင်းနှင့် မိမိတို့ပြည်သူများ အထူးလိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် စစ်မှန်သော ဖယ်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်း ဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန် နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၅၃) မဲ၊ ကန့်ကွက် မရှိ ၊ ကြားနေမရှိ ဖြစ်ပါတယ်။

ထောက်ခံတဲ့အတွက် ဦးခက်ထိန်နန် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာသုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၂း၀၀)နာရီ အချိန်တွင် ရပ်နားပြီး (၁၃း၀၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်း ခွင့်(၃)ဦး ရှိပါတယ်။ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့နေ့လည်ပိုင်းခွင့်များအပေါ် ခွင့်ပြုဖို့ အမျိုးသားလွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်းခွင့်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၇။**

**ဦးစိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်ဖြစ်ပြီး ဥပဒေကြမ်း ကော်မတီဝင် လည်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ယှဉ်ပြိုင်မှုဥပဒေကြမ်းအပေါ် စိစစ်ခြင်း၊ တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော့်အနေနဲ့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ -၃၀၁

ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၂- ၄-၂၀၁၄ ရက်နေ့တွင် ယှဉ်ပြိုင်မှုဥပဒေကြမ်းကို အမျိုးသား လွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အကြိမ်ကြိမ်တွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ လေ့လာတွေ့ရှိ ချက်များကို ဆက်လက် တင်ပြသွားပါမယ်ခင်ဗျား။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ(ခ)ပါ စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင် ခြင်းကို ပျက်ပြယ်စေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက် နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ စီးပွားရေးလက်ဝါးကြီးအုပ် ဆောင်ရွက်မှုကို တားဆီးကာကွယ်ရန် ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်း၏အမည်ကို စီးပွားရေးလုပ်ငန်းဆိုင်ရာယှဉ်ပြိုင်မှုဥပဒေဟု ရှင်းလင်းမှု ရှိစေရန် ပြင်ဆင် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ဥပဒေကြမ်း၏ အခန်း(၁)မှ အခန်း(၆)အထိဖြစ်သော အမိပ္ပာယ်ဖော်ပြချက်များ၊ ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ ကော်မရှင်ဖွဲ့စည်းခြင်း၊ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊

စုံစမ်းစစ်ဆေးရေး အဖွဲ့ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ အခန်းတို့ပါဖော်ပြချက်များကို လက်တွေ့လုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း၊ အရေးအသားအသုံးအနှုန်း ကျစ်လျစ်မှုရှိစေရန်နှင့် မြန်မာစာဝါကျဖွဲ့စည်းပုံမှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း ပြင်ဆင်သင့်သည်များကို လေ့လာတွေ့ရှိခဲ့ပါသည်။

၄။ ဥပဒေကြမ်း၏ အခန်း(၇)နှင့် အခန်း(၈)ပါ တားမြစ်ချက်များနှင့် အခန်း(၉)ဖြစ်သော စီးပွားရေး လုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းအခန်းတို့တွင် တိကျသော တားမြစ်ချက်များနှင့် ဖော်ပြချက်များဖြစ်စေရန် ရှင်းလင်းချက်များ ထည့်သွင်းဖော်ပြရန်ကိုလည်းကောင်း၊ အရေးအသားအသုံးအနှုန်းဆိုင်ရာ ပြင်ဆင်သင့်သည်များကိုလည်းကောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

၅။ မူလဥပဒေကြမ်း အခန်း(၁၀)ပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်းကို ခေတ်စနစ်နှင့်လျော်ညီသည့် ဆောင်ရွက်ချက်ဖြစ်စေရန်အတွက် အခန်းခေါင်းစဉ်ကို ကော်မရှင်၏ အရေးယူပိုင်ခွင့်ဟုပြင်ဆင်သင့်ပြီး တရားစီရင်ရေး သဘောသက်ရောက်သည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်သင့်ကြောင်းနှင့် အခန်း(၁၁)ပါ ပြစ်မှုနှင့်ပြစ်ဒဏ်များကို မျှတသည့် ပြဋ္ဌာန်းချက်များဖြစ်စေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက်လည်းကောင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အခန်း(၁၂)၊ အထွေထွေအခန်းတွင် ဤဥပဒေပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိစေရန် ပြဋ္ဌာန်းချက် အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၆။ အသေးစိတ် ပြင်ဆင်ချက်များကို ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်ဖြစ်ပါတယ်။

၇။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယှဉ်ပြိုင်မှုဥပဒေကြမ်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ခဲ့ခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

## ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၃း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၁။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွန့်ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဆွေးနွေးတင်ပြသွားမယ့် ဥပဒေကြမ်းကတော့ ယှဉ်ပြိုင်မှုဥပဒေကြမ်းပဲဖြစ်ပါတယ်။ ဒီယှဉ်ပြိုင်မှု ဥပဒေကြမ်းကို ဆွေးနွေးရတဲ့ အကြောင်းအရင်းက ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ မှ နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်လို့ အတိအလင်းဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီလိုပဲ ပုဒ်မ ၃၆(ခ)မှာ နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကိုပျက်ပြားစေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုလုပ်ခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်ဟု အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်အရ ဒီဥပဒေကြမ်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက တင်ပြလာတာဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းအပေါ်မှာ ကျွန်တော်တို့ ထောက်ခံပြီးတော့မှ ပြင်ဆင်ဖို့ဆွေးနွေးလိုတဲ့ အချက်ကလေးတွေကို ကျွန်တော်တင်ပြသွားမှာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနက တင်ပြလာတဲ့ဥပဒေကြမ်းဟာ အလွန်ပြည့်စုံပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ (၁၀)ချက်လောက်ကိုတော့ ပြင်လိုပါတယ်။ (၄)ချက်လောက်ကိုတော့ ကျွန်တော်ဖြုတ်ချင်ပါတယ်။ (၅)ချက်ကိုတော့ ကျွန်တော်ဆွေးနွေးလိုပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား အချက်(၁၉)ချက် ဆွေးနွေးမှာဖြစ်လို့ အချိန်ပိုသွားမယ်ဆိုရင်တော့ ကျွန်တော့်ကို နိဂုံးချုပ်ခွင့် (၁)မိနစ်လောက်ပိုပေးဖို့ တင်ပြလိုပါတယ်။ ဇယားမှာပါတဲ့အချက်တွေကို ကျွန်တော်ဥပဒေကြမ်းကော်မတီကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်ကို Power Point ကို slide ထိုးပြီးတော့ တင်ပြခွင့်ပြုပါခင်ဗျား။

ကျွန်တော်တို့ ပုဒ်မ ၂(ဆ)မှာ ယှဉ်ပြိုင်မှုကို ထိန်းချုပ်သည့် သဘောတူညီချက်များ ဈေးကွက်အတွင်းရှိ လွှမ်းမိုးထားသည့် အခြေအနေအပေါ် အခွင့်အရေးယူ၍ အလွဲသုံးစားပြုခြင်းနှင့် တစ်ဦးတည်း လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းတို့ ပါဝင်သည် ဆိုတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ တစ်ဦးတည်းဆိုတဲ့ စာသားအပြင် တစ်ဖွဲ့တည်းက၊ တစ်ဦးတည်း၊ တစ်ဖွဲ့တည်းက လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်လို့ ကျွန်တော် ဖြည့်စွက်ချင်ပါတယ်။ အဲဒီလို ဖြည့်စွက်ရတဲ့ အကြောင်းအရင်းက ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၆(ခ) မှာပါတဲ့ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ဆောင်ရွက်မှုဆိုတဲ့ စာသားနဲ့ပြဋ္ဌာန်းချက်များလည်း ကိုက်ညီအောင် ဖြစ်ပါတယ်။

နောက်တစ်ချက် ကျွန်တော်ပြင်ဆင်လိုတာကတော့ ပုဒ်မ ၈(စ)ဖြစ်ပါတယ်။ ပုဒ်မ ၈(စ)မှာ စီးပွားရေးလုပ်ငန်းတစ်ခု ပိုင်ဆိုင်ခွင့်တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားစီးပွားရေး လုပ်ငန်းတစ်ခုက ဝယ်ယူမှု သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှုကြောင့် မျှတသော ယှဉ်ပြိုင်မှုအပေါ် ထိခိုက်နိုင်သည့် ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာ အရေအတွက်နှင့် ပိုင်ဆိုင်သည့် ပစ္စည်းပမာဏတို့ကို သတ်မှတ်ခြင်းဆိုတဲ့နေရာမှာ ကျွန်တော် မျှတသောယှဉ်ပြိုင်မှုအပေါ် ထိခိုက်နိုင်သည့်အခြေအနေ ဖြစ်ပေါ်သည်ဟု ယူဆသောအခါလို့ ကျွန်တော်ထပ်ပြီးတော့မှ ဖြည့်စွက်ချင်ပါတယ်။

ဒါကလည်း ဘာကြောင့်လဲဆိုတဲ့အခါကျတော့ ကျွန်တော်တို့ပိုင်ဆိုင်ခွင့်တစ်စိတ်တစ်ဒေသကို ဝယ်ယူတဲ့နေရာမှာပဲဖြစ်ဖြစ်၊ အားလုံးကို ဝယ်ယူတဲ့နေရာမှာပဲ ဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှုကြောင့်ပဲဖြစ်ဖြစ် မျှတသောယှဉ်ပြိုင်မှုကို ထိခိုက်နိုင်တဲ့ အခြေအနေဖြစ်ပေါ်တဲ့ အခါမျိုးမှာသာ ဒီကိစ္စကို ဆောင်ရွက်စေသင့်တဲ့ သဘောသက်ရောက်လို့ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပုဒ်မ၈(ဇ) ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရန် သို့မဟုတ် ယှဉ်ပြိုင်မှုကိုကန့်သတ်ရန် ခွင့်ပြုချက် ရရှိရေးအတွက် လျှောက်ထားရာတွင် ဆိုတဲ့ ဒီစာသားမှာ ယှဉ်ပြိုင်မှုကို ကန့်သတ်ရန် ခွင့်ပြုချက်ရရှိရန် ဆိုတဲ့ဟာကို ကျွန်တော် မရှင်းလင်းပါဘူး။

မရှင်းလင်းတဲ့အတွက် ဥပဒေက ရှင်းရှင်းလင်းလင်းဖြစ်ရမယ်။ ကျွန်တော်တို့ဥပဒေလိုက်နာရသူက ဒီဥပဒေကို နားလည်မှုဖြစ်မှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ဒီထက်ပိုပြီးတော့ ရှင်းလင်းပြီးတော့မှ အဓိပ္ပာယ်သက်ရောက်စေလိုတဲ့ စာသားတွေနဲ့သုံးနှုန်းပေးဖို့အတွက် ဒီအပိုဒ်ကို ပြင်ချင်လိုတာ ဖြစ်ပါတယ်။ နောက် အခန်း(၆)ခေါင်းစဉ်ကိုကျွန်တော်ပြင်ချင်ပါတယ်။ အဲဒီအခန်း(၆)ခေါင်းစဉ်မှာ စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းတာဝန်များဆိုပြီးတော့ ပါရှိပါတယ်။ အဲဒီတော့ အဲဒီဟာကို ကျွန်တော်က စုံစမ်းစစ်ဆေးရေးကော်မတီသို့မဟုတ် အဖွဲ့ငယ်များဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းတာဝန်များလို့ ပြင်ချင်ပါတယ်။ ပြင်ချင်တဲ့အကြောင်းအရင်းက အဖွဲ့ငယ်များဟုထပ်ဖြည့်ရခြင်းမှာ အခန်း(၁၀)ပုဒ်မ ၃၄ မှာ သူက ဒီကော်မတီရဲ့လုပ်ပိုင်ခွင့်တွေကိုပေးထားပါတယ်။ ပေးထားတဲ့အထဲမှာ ကော်မတီသို့မဟုတ် အဖွဲ့ငယ်များလို့ပါရှိပါတယ်။ အဲဒီလိုပါရှိပြီးဒီမှာကျတော့ ကော်မတီပဲ ဖော်ပြထားတဲ့အတွက်၊ အဖွဲ့ငယ်များဆိုတာမပါတဲ့အတွက် ဒီအဖွဲ့ငယ်များကို ဒီနေရာမှာ ဖြည့်စွက်ရင် ဖြည့်စွက်ပေးပါ။ သို့မဟုတ် အခန်း(၁၀)၊ ပုဒ်မ ၃၄ မှာ ကော်မတီသို့မဟုတ် အဖွဲ့ငယ်များဆိုတဲ့ စာသားမှာ အဖွဲ့ငယ်များဆိုတာကို ဖျက်ချင်ဖျက်ပေးပါ။ ဒီနှစ်ခုကိုတော့ ကိုက်ညီသွားအောင် ဆောင်ရွက်ပေးစေချင်တဲ့သဘောနဲ့ တင်ပြတာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အခန်း(၆)ပုဒ်မ ၁၂ ဖြစ်ပါတယ်။ အခန်း(၆)ပုဒ်မ ၁၂ မှာ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးကော်မတီကို (က) ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အနည်းဆုံး (၅)ဦးမှ အများဆုံး(၉)ဦးဖြင့် ဖွဲ့စည်းရမည်။ (ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်သည် စီးပွားရေးပညာရပ် ဥပဒေပညာရပ်၊ ကူးသန်းရောင်းဝယ်ရေးပညာရပ် စိုက်ပျိုးရေးပညာရပ် သို့မဟုတ် စာရင်းကိုင်ပညာရပ်တွင် အတွေ့အကြုံနှင့် ဗဟုသုတ ရှိသူဖြစ်ရမည်လို့ (၂)ချက်ဖော်ပြထားပါတယ်။

ကျွန်တော့်အနေနဲ့ထပ်ဖြည့်ချင်တာကတော့ အပိုဒ်(ဂ)၊ ပုဒ်မခွဲ(ဂ)တို့ ဖော်ပြပြီးတော့မှ ကော်မတီအဖွဲ့ဝင်သည် ကိုယ်တိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူမဖြစ်စေရ ဆိုတဲ့အချက်ကို ထည့်ချင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီကော်မတီကို လုပ်ပိုင်ခွင့်အများကြီးပေးထား ပါတယ်။ နောက် သူ့ကို အခွင့်အာဏာတွေလည်း အများကြီးပေးထားပါတယ်။ အဲဒီအခွင့်အာဏာတွေနဲ့ ဒီလုပ်ပိုင်ခွင့်တွေသည် သူကိုယ်တိုင်စီးပွားရေးသမားတစ်ဦး ဖြစ်မယ်ဆိုခဲ့သော် အခြားစီးပွားရေး လုပ်ငန်းရှင်တွေအပေါ်မှာ သူသည်သူ့စီးပွားရေးလုပ်ငန်းကို အကျိုးရှိဖို့နဲ့တခြားစီးပွားရေးလုပ်ငန်း တွေကို သူသည်ကန့်သတ်ချုပ်ချယ်နိုင်ဖို့ အခွင့်အရေးရသွားမှာစိုးတဲ့အတွက် ဒီဟာကို ကျွန်တော်တို့ ထည့်သွင်းစဉ်းစားစေချင်ပါတယ်။ သို့သော်ငြားလည်းပဲ ကျွန်တော်တို့ ဒီ စီးပွားရေးပညာရပ်၊ ကူးသန်း ရောင်းဝယ်ရေး ပညာရပ်တွေနဲ့ပတ်သက်ပြီး အတွေ့အကြုံနဲ့ဗဟုသုတရှိသူဖြစ်ရမည်လို့လည်း

ပါထားတာ ဖြစ်တဲ့အတွက် အဲဒီနှစ်ခုကို ချိန်ဆပြီးတော့မှ ဒီအပိုဒ်ကလေးကို ကျွန်တော်တို့ ထည့်သွင်းဖို့သင့်၊ မသင့် ဆိုတဲ့ ဟာလေး ကျွန်တော်တင်ပြချင်ပါတယ်။

နောက်ပုဒ်မ ၁၃(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် အခြားပုဂ္ဂိုလ်၏အဆောက်အဦမြေလုပ်ငန်းနေရာတို့ကို ဥပဒေနဲ့အညီ ဝင်ရောက်ကြည့်ရှု စစ်ဆေးခြင်းနဲ့ ရှာဖွေခြင်းဆိုတဲ့နေရာမှာ ကျွန်တော်စစ်ဆေးခြင်းခံရသူ သို့မဟုတ် အခြားပုဂ္ဂိုလ်လို့ ဆိုထားပါတယ်။ အဲဒီတော့ အခြားပုဂ္ဂိုလ်ဆိုသည်မှာ ဘယ်လိုအခြားပုဂ္ဂိုလ်မျိုးလဲ။ ကျွန်တော်ဆိုလိုတာ ကတော့ စစ်ဆေးခံရသူနဲ့ ပတ်သက်နေတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင်တော့ ဒီစစ်ဆေးခြင်းဟာ တရားမျှတတဲ့ သဘောသက်ရောက်ပါမယ်။ သို့မဟုတ်လို့ရှိရင် မသက်ဆိုင်ဘဲနဲ့ အခြားပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်တိုင်းကို လိုက်ပြီးတော့စစ်ဆေးမယ်ဆိုရင်တော့၊ အဲဒါဆိုလို့ရှိရင်တော့ ဒါမျှတမှုမရှိဘူးလို့ ထင်ပါတယ်။ ဒါကြောင့်မို့လို့ စစ်ဆေးခံရသူ သို့မဟုတ် ထိုစစ်ဆေးခံရသူတို့နဲ့ပတ်သက်တဲ့ အခြားပုဂ္ဂိုလ်ဆိုတဲ့ ဝိသေသကို ထည့်စေချင်တာ ဖြစ်ပါတယ်။

နောက်အခန်း(၇)၊ ပုဒ်မ ၁၅ (ခ) အခြားစီးပွားရေးလုပ်ငန်းတစ်ခု၏ပိုင်ဆိုင်မှုများ သို့မဟုတ် အစုရှယ်ယာ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ထိန်းချုပ်ရန်ဝယ်ယူခြင်းဆိုတဲ့ စာသား ပါနေပါတယ်။ ထိန်းချုပ်ရန်ဆိုတဲ့ဟာကို ကျွန်တော်သိပ်မရှင်းလင်းပါဘူး။ စီးပွားရေးလုပ်ကိုင်သူ ဆောင်ရွက်နိုင်တဲ့ကိစ္စမှာ ထိန်းချုပ်ရန်ဆိုသော ရည်ရွယ်ချက်ပါနေခြင်းဟာ ဒါဟာဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလားဆိုတာ ကျွန်တော်တို့သေချာစဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီထိန်းချုပ် ရန်ဆိုတဲ့စာသားကို ကျွန်တော်ပယ်ဖျက်ချင်ပါတယ်။ နောက် ပုဒ်မ ၂၆ ဖြစ်ပါတယ်။ ပုဒ်မ ၂၆ က တော်တော်အရေးကြီးပါတယ်ခင်ဗျား။ ပုဒ်မ ၂၆ ဟာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် မိမိ၏ ကုန်စည်အား ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရာ၌ အခြားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင် နိုင်စွမ်း လျော့နည်းသွားစေရန် ရည်ရွယ်၍ ယင်းတို့၏ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်း သောဈေးနှုန်းဖြင့်လည်းကောင်း၊ သွင်းကုန်ဖြစ်ပါက ဆိပ်ကမ်းရောက်တန်ဖိုးအောက် လျော့နည်း သောဈေးနှုန်းဖြင့်လည်းကောင်း ရောင်းချခြင်း မပြုရလို့အတိအလင်းပြဋ္ဌာန်းထားပါတယ်။

အဲဒီလိုပြဋ္ဌာန်းလိုက်ရင် အကယ်၍များ အဲဒီကုန်စည်များသည် အရောင်းထိုင်းကုန်တွေ ဖြစ်မယ်။ ဟိုယခင်က သမဝါယမဆိုင်တွေမှာရှိနေတဲ့ပစ္စည်းတွေလို လက်ရှိကုန်ဈေးနှုန်းနဲ့ မကိုက်ညီတဲ့ အရောင်းထိုင်းပစ္စည်းတွေ ဒီလိုဖြစ်သွားမယ်ဆိုရင် သူ့အနေနဲ့ ဒီဟာကြီးကို စတိုထဲမှာ အရှုံးခံပြီး တော့မှ ဒီအတိုင်းထည့်ထားမယ်ဆိုရင် မဖြစ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ အကယ်၍ အဲဒါကို ဈေးနှုန်း လျှော့ပြီး ရောင်းမယ်ဆိုလို့ရှိရင်တော့ သူ့ကိုကျွန်တော်တို့က ပုဒ်မ ၄၆ မှာ ဖော်ပြထားပါတယ်။ ပုဒ်မ ၄၆ မှာ ပုဒ်မ ၂၆ ကို မည်သူမဆိုပုဒ်မ ၂၆ သို့မဟုတ် ၂၉ ပါ တားမြစ်ချက်၊ ဖောက်ဖျက်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို (၃)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း(၅၀)ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်စေရမည်လို့ ဆိုထားတဲ့ အတွက် ဒါ တော်တော် စဉ်းစားရမယ့်ကိစ္စဖြစ်ပါတယ်။ အကယ်၍များ ဒီမှာ ကျွန်တော်တို့ စာသားကို မိမိကုန်စည်အား အရောင်းထိုင်း ကုန်စည်မဟုတ်ဘဲဆိုတဲ့ စကားရပ်မျိုး ထည့်ပေးမယ်ဆိုရင် ခုန ပြဋ္ဌာန်းချက်ကို ကျွန်တော်တို့ကျော်လွှန်နိုင်မှာဖြစ်တယ်လို့ ထင်ပါတယ်။ အဲဒါကတော့ ကျွန်တော်က

ပုဒ်မ ၂၆ ကို ဆွေးနွေးပြတာပဲဖြစ်ပါတယ်။ ဒါကိုကျွန်တော် ဘယ်လို ပြဋ္ဌာန်းချက်မျိုး ပြန်ပြီးတော့မှ ပြင်ဆင်ရင် သင့်တော်မလဲဆိုတဲ့ဟာကို ကျွန်တော် ဆွေးနွေးခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက အခန်း(၉)ပုဒ်မ ၃၀ ဖြစ်ပါတယ်။ ကော်မရှင်က သတ်မှတ်ထားသည့် လုပ်ငန်းအချင်းချင်းပူးပေါင်းဆောင်ရွက်မှု အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း ဆိုတာ ဒီအပိုဒ်ကို ကျွန်တော်သိပ်မရှင်းပါဘူး။ သိပ်လည်းနားမလည်ပါဘူး။ နားမလည်တဲ့အတွက် ရှင်းရှင်းလင်းလင်း ဖြစ်အောင် ဒါ ပြင်ဆင်ပြီးတော့ ရေးသားသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီတော့ စီးပွားရေး လုပ်ငန်းအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းတွင် အောက်ပါလုပ်ဆောင်ချက်များပါဝင်သည်။ (က) လုပ်ငန်းအချင်းချင်းပေါင်းစည်းခြင်း၊ လုပ်ငန်းတစ်ခုကအခြားလုပ်ငန်းတစ်ခုကို ဝယ်ယူခြင်း၊ လုပ်ငန်း ချင်းဖက်စပ်လုပ်ကိုင်ခြင်း၊ လုပ်ငန်းအချင်းချင်းမဟာမိတ်ဖွဲ့ဆောင်ရွက်ခြင်း ဆိုပြီးတော့မှ အပိုဒ်(င)မှာ ကော်မရှင်ကသတ်မှတ်ထားသည့် လုပ်ငန်းအချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ အခြားနည်းလမ်းများ ဖြင့် ဆောင်ရွက်ခြင်းဆိုတဲ့ဟာ ပါနေပါတယ်။ အဲဒီတော့ ဒီဟာနဲ့ပတ်သက်ပြီးတော့လည်း ရှင်းရှင်း လင်းလင်း ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။

နောက် ပုဒ်မ ၃၂ ဖြစ်ပါတယ်။ ပုဒ်မ ၃၂ က (က) စီးပွားရေးလုပ်ငန်းတစ်ခုသည်အခြား စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ရှိပါက ထိုသို့ပူးပေါင်းဆောင်ရွက်နိုင်ရန် ကော်မရှင်သို့ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်။ ကော်မရှင်သည် စီးပွားရေးလုပ်ငန်း အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် တင်ပြလာသော လျှောက်ထားချက်များကို လိုအပ်သလိုစိစစ်၍ ကြိုတင် ခွင့်ပြုချက် ထုတ်ပေးနိုင်သည်ဆိုတဲ့ အချက်ကိုလည်း ဒါ ကျွန်တော်တို့က ပြန်ပြီးတော့မှ စဉ်းစားစေချင် ပါတယ်။ ပုဒ်မ ၃၃ မှာ စီးပွားရေးလုပ်ငန်းတစ်ခုသည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ)အရ ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက်ရရှိမှသာ စီးပွားရေးလုပ်ငန်းချင်း အချင်းချင်းပူးပေါင်းဆောင်ရွက်ခွင့်ရှိသည် ဆိုတဲ့ အချက်ကလည်း ဒါ ဖြစ်သင့်တဲ့အချက် ဖြစ်၊ မဖြစ်ဆိုတဲ့ဟာလေး စဉ်းစားဖို့ ကျွန်တော် တင်ပြချင် ပါတယ်။

နောက်တစ်ခါတော့ အခန်း(၁၀)၊ ပုဒ်မ ၃၄ ပါ။ ခုနတုန်းက ကျွန်တော်တင်ပြတဲ့ အခန်း(၆) ခေါင်းစဉ်နဲ့အတူတူပါပဲ။ အဲဒီမှာ ပုဒ်မ ၃၄ မှာ ကော်မတီသို့မဟုတ်အဖွဲ့ငယ်များသည် ဤဥပဒေအရ ကော်မရှင်ကထုတ်ပြန်သော တားမြစ်ချက်၊ သတ်မှတ်ချက်၊ ညွှန်ကြားချက်နှင့်စည်းကမ်း ချက်များကို ဖောက်ဖျက်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူကို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်ရမည်ဆိုပြီးတော့ ဒီအဖွဲ့ငယ်တွေကို လုပ်ပိုင်ခွင့်တွေ ကျွန်တော်တို့ ပေးထားပါတယ်။ သတိပေးခြင်း၊ သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းကို ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း (ဃ) နောင်တွင် မည်သည့်လုပ်ကိုင်ခွင့်မျှ ပြုမည်မဟုတ်သော စီးပွားရေးလုပ်ငန်းများစာရင်း၌ ထည့်သွင်းခြင်း ဆိုတဲ့အထိ သူတို့ကို ပေးထားတဲ့ တာဝန်အရ စီမံခန့်ခွဲမှုက တော်တော့်ကို အရေးပါတဲ့ အနေအထား ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာကတော့ ရှေ့မှာ ဖွဲ့စည်းတာ ကော်မတီပဲ ပါပြီးတော့ အဖွဲ့ငယ်ဆိုတာ မပါ ပါဘူး။ အဲဒီတော့ ကော်မတီနဲ့ အဖွဲ့ငယ်ရဲ့ သဘောတရားကို ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း ဖြစ်ဖို့ လိုပါတယ်။ အဲဒီတော့ အဖွဲ့ငယ်ဆိုတဲ့ဟာကို ဖျက်မလား သို့မဟုတ်ရင် ရှေ့က အခန်း (၆)မှာ ကော်မတီနဲ့ အဖွဲ့ငယ်များ ဆိုတဲ့ စာသားကို ထည့်မလားဆိုတဲ့ဟာ အဲဒါလေးကို သေချာပြန်ပြီးတော့မှ သုံးသပ်သင့်တယ်လို့ ထင်ပါတယ်။

နောက်တစ်ချက်ကတော့ ပုဒ်မ ၃၄ (ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း အဲဒီအပိုဒ်ကို ကျွန်တော် စဉ်းစားကြည့်ပါတယ်။ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ကျွန်တော်တို့ ဘယ်အပေါ်မှာ ဖော်ပြမလဲ နည်းဥပဒေအရ ဖော်ပြမလား၊ ဒါမှမဟုတ်လို့ရှိရင် အမိန့်ညွှန်ကြားချက်နဲ့ ဖော်ပြမလား ဒါကျွန်တော်တို့ အစဉ်အလာ ရှိခဲ့ပြီးပါပြီ။ ကျွန်တော်တို့ လွှတ်တော်မှာ အခွန်ဥပဒေတွေနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ပြဋ္ဌာန်းလိုက်ပါတယ်။ အဲဒီမှာ အခွန်ဥပဒေတွေကို ဘယ်လောက် ဘယ်လောက် သတ်မှတ်မယ်ဆိုတာ ဥပဒေမှာ မပြဋ္ဌာန်းလိုက်ပါဘူး။ ဒါပေမဲ့ အဲဒီမှာ သိပ်များတဲ့ အခွန်ဥပဒေ ဖြစ်သွားပြီးတော့မှ (၃)သိန်းတို့ အဲဒီထက် ပိုတဲ့ဟာတွေ ဖြစ်တော့ နောက်ဥပဒေတွေ ပြန်ပြင်ရတဲ့ အနေအထားမျိုး ရှိပါတယ်။

အဲဒီတော့ ဒီဟာကိုလည်း သတ်မှတ်ထားသော ဒဏ်ကြေးငွေ ရိုက်ခြင်း ဆိုတဲ့ဟာကို ဒီအဖွဲ့ကို ဘယ်လောက်ထိ ဒဏ်ကြေးငွေ ရိုက်ခိုင်းမလဲ၊ ရိုက်ခွင့်ပြုမလဲ ဆိုတဲ့ဟာကို ဘယ်လို သတ်မှတ်မလဲဆိုတဲ့ဟာလေး ဒါ ရှင်းရှင်းလင်းလင်းဖြစ်ရင် ကောင်းပါမယ်လို့ ကျွန်တော် ထင်ပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မ ၃၉၊ မည်သူမဆို စုံစမ်းရေး ကော်မတီက ဤဥပဒေအရ စုံစမ်းစစ်ဆေးမှု ပြုရန်အတွက် သက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်း အမှတ်အသား တစ်ခုခု တင်ပြရန် စာဖြင့်ရေးသား ထုတ်ပြန်သည့် ဆင့်ခေါ်မှုကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ဆိုပြီးတော့မှ ဒီလို ဆိုထားပါတယ်။ အဲဒီနေရာမှာ ကျွန်တော့်အနေနဲ့ကတော့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ဤဥပဒေအရ စုံစမ်းမှုပြုရန်အတွက် စုံစမ်းစစ်ဆေးမှုကိစ္စနှင့် သက်ဆိုင်သော သက်သေခံ အထောက်အထား စုံစမ်းစစ်ဆေးမှုကိစ္စနဲ့ ပတ်သက်တဲ့ သက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်း အမှတ်အသားတစ်ခုခု ရှိနေပါလျက်နဲ့ တင်ပြရန် ပျက်ကွက်ခြင်း သို့မဟုတ် ဖျောက်ဖျက်ခြင်း သို့မဟုတ် ထွက်ဆိုချက်ပေးရန် စာဖြင့်ရေးသား ထုတ်ပြန်သည့် ဆင့်ခေါ်မှုကို ကိုယ်တိုင်သော်လည်းကောင်း ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း၊ လာရောက်ထွက်ဆိုရန် လိုက်နာမှုပြုရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရရင်လို့ ကျွန်တော် ပြင်ချင်ပါတယ်။

နောက်တစ်ခုကလည်း လာရောက်ထွက်ဆိုဖို့ကို ကိုယ်တိုင်လာရောက်ထွက်ဆိုရမှာလား သို့မဟုတ်လို့ရှိရင် ကိုယ်စားလှယ်နဲ့ရော လာရောက်ထွက်ဆိုခွင့် မရှိဘူးလား ဒါတွေကိုလည်း ကျွန်တော်တို့ စဉ်းစားသင့်ပါတယ်။ အဲဒီတော့ တချို့လုပ်ငန်းရှင်ကြီးတွေရဲ့ အနေအထားအရ ကိုယ်တိုင် လာပြီးတော့မှ ကျွန်တော်တို့ ထွက်ဆိုချက် ပေးနိုင်ချင်မှ ပေးနိုင်ပါ့မယ်။ အဲဒီအခါကျလို့ရှိရင် သူ့ကို ကိုယ်စားပြုတဲ့ ရှေ့နေသော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ အဲဒီလိုရော လာရောက်ထွက်ဆိုဖို့အတွက် အခွင့်အရေးပေးနိုင်မလား အဲဒီဟာကိုလည်း ထည့်သွင်းစဉ်းစား သင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။

နောက် ပုဒ်မ ၄၀၊ အဲဒီမှာလည်း ပြစ်ဒဏ်တွေ ပုဒ်မ ၄၀၊ ၄၂၊ ၄၃၊ ၄၆ အဲဒီပြစ်ဒဏ်တွေမှာ ထောင်ဒဏ်က ပုဒ်မ ၄၀ မှာ (၃)နှစ် ငွေဒဏ်ကျပ် ၅၀ ငွေဒဏ်ကိုတော့ ကျွန်တော် မပြောလိုပါဘူး။ မပြောင်းလဲလိုပါဘူး။ ဒါပေမဲ့ ပြစ်ဒဏ် (၃)နှစ်ဆိုတာတော့ သိပ်များတယ်လို့ ထင်ပါတယ်။ နောက်တစ်ခုက ပုဒ်မ ၄၂ မှာ ပြစ်ဒဏ် (၅)နှစ်နဲ့ ငွေဒဏ် သိန်း (၇၀)လို့ ဆိုထားပါတယ်။ အဲဒီမှာလည်း ပြစ်ဒဏ် (၅)နှစ်ဆိုတာတော့ သိပ်များတယ်လို့ ထင်ပါတယ်။ ပုဒ်မ ၄၃ မှာ ပြစ်ဒဏ် (၃)နှစ်နဲ့ ငွေဒဏ် သိန်း

(၃၀)ဆိုပြီးတော့မှ အဲဒီလို ဖော်ပြထားပါတယ်။ ပုဒ်မ ၄၆ မှာတော့ ပြစ်ဒဏ် (၃)နှစ်နဲ့ ငွေဒဏ် သိန်း (၅၀)လို့ ဖော်ပြထားပါတယ်။ အဓိက က ဘာလဲဆိုတော့ ကျွန်တော်တို့ ဥပဒေတစ်ခု ပြဋ္ဌာန်းလိုက်လို့ရှိရင် အဲဒီဥပဒေ လိုက်နာစေချင်တဲ့အတွက် ထိရောက်သော ပြစ်ဒဏ် ဖြစ်ဖို့ပဲ လိုအပ်မယ်လို့ ပဲထင်ပါတယ်။ ပြစ်ဒဏ်သည် လူဘဝ တစ်ခုလုံးကို ညှိုးနွမ်းပြီးတော့ လူတောမတိုးရဲလောက်အောင် ဘဝပျက်သုဥ်း သွားအောင် ဖြစ်တဲ့ပြစ်ဒဏ်မျိုးတော့ မဖြစ်စေချင်ပါဘူး။

အဲဒါကြောင့်မို့လို့ ပြစ်ဒဏ်တွေကိုတော့ လျှော့ပေါ့ပြီးတော့ ပြန်လည်စဥ်စားသင့်တယ်လို့ ထင်ပါတယ်။ အဲဒီအပြင် ပုဒ်မ ၃၉ ၊ ၄၀ ၊ ၄၁ ၊ ၄၂ ၊ ၄၃ ၊ ၄၄ ၊ ၄၅ ၊ ၄၆ မှာ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ထောင်ဒဏ်ဖြစ်စေ သို့မဟုတ်ရင် ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်လုံးဖြစ်စေ ဆိုတဲ့စကားရပ်မှာကျွန်တော်က တစ်ခုပဲဖြစ်စေချင်ပါတယ်။ ငွေဒဏ် ဆိုလည်း ငွေဒဏ် ဒါမှမဟုတ်ရင် ထောင်ဒဏ်ဆိုလည်း ထောင်ဒဏ် ဖြစ်စေချင်ပါတယ်။ ထောင်ဒဏ်ရော၊ ငွေဒဏ်ရော နှစ်ရပ်လုံးမှာ ချတဲ့သဘောမျိုး မဖြစ်ချင်ပါဘူး။ အဲဒါကြောင့်မို့ အဲဒါကိုလည်း ပြန်လည်စဥ်းစားပေးစေချင်ပါတယ်။

နောက်တစ်ခုက ပုဒ်မ ၄၉၊ ဤဥပဒေနဲ့အညီ ပြစ်မှုတစ်ရပ်ရပ်အား တရားစွဲဆိုရာတွင် ကော်မရှင်၏ ကြိုတင် ခွင့်ပြုချက် ရယူရမည်ဆိုတဲ့ စာပိုဒ်က တရားရေး ကိစ္စရပ်ကို ကော်မရှင်က လွှမ်းမိုးနေသလားလို့ ကျွန်တော် သံသယဖြစ်ပါတယ်။ ဒီကော်မရှင်က ခွင့်မပြုဘူးဆိုရင် တရားရုံးမှာ တရားစွဲဆိုဖို့ မရှိဘူးဆိုလို့ရှိရင်တော့ ဒီဟာက ကျွန်တော်တို့ ကော်မရှင်ကို ဒါကို တင်ပြပြီး ကော်မရှင်က ခွင့်ပြုချက်ရဖို့ အချိန်ကာလတွေ ကြာလာတာနဲ့ ဒီပြစ်ဒဏ်တွေကို ကျူးလွန်တဲ့ လုပ်ရပ်တွေဟာ အမျိုးမျိုး ပြောင်းလဲသွားနိုင်တဲ့ အနေအထားလည်း ဖြစ်ပါတယ်။ ကော်မရှင်က ခွင့်ပြုမှ တရားရေးကနေ တရားစွဲ နိုင်တယ် ဆိုတဲ့ဟာလည်း ဒါ သိပ်ပြီးတော့မှ သဘာဝမကျတဲ့ ကိစ္စမျိုးဖြစ်တဲ့အတွက် ဒီကိစ္စကိုလည်း ထည့်သွင်းစဥ်းစားပေးစေချင်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီကနေ့ ယှဥ်ပြိုင်မှုဥပဒေဟာ တကယ်တော့ ကျွန်တော်တို့နိုင်ငံအတွက် ဒီထက်ပိုပြီးတော့ စောစောပြဋ္ဌာန်းသင့်တဲ့ ဥပဒေဖြစ်တယ်လို့ ထင်ပါတယ်။ ဒီကနေ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နေပြီးတော့မှ တင်ပြလာတဲ့အတွက် ယှဥ်ပြိုင်မှုဥပဒေဟာ တကယ်တော့ တိုင်းသူပြည်သားများအတွက်ရော၊ လုပ်ငန်းရှင်ကြီးတွေ လုပ်ငန်းရှင် အငယ်လေးတွေ အားလုံးအတွက် အရေးကြီးတဲ့ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်တွင်းမှု လုပ်ငန်းလုပ်ကိုင်သူတွေ ကျွန်တော်တို့ အငယ်စား စီးပွားရေးလုပ်ငန်းရှင်တွေ၊ အလတ်စားစီးပွားရေး လုပ်ငန်းရှင်တွေ လုပ်ငန်းရှင်ကြီးတွေအတွက် အားလုံး အကာအကွယ် ဖြစ်ပြီးတော့မှ ဈေးကွက် စီးပွားရေးစနစ်မှာ တကယ်လိုအပ်တဲ့ ဥပဒေ ဖြစ်တဲ့အတွက် ဒီဥပဒေကို မြန်မြန်ဆန်ဆန် ဆောင်ရွက်သင့်ပါတယ်။ ကျွန်တော် ပြင်ဆင်ချင်တဲ့ ကျွန်တော် ဆွေးနွေးတဲ့ အချက်ကလေးတွေကို ပြန်လည်ပြီးတော့မှ စဥ်းစားပေးဖို့ တင်ပြရင်းနဲ့ ဒီဥပဒေကို ကျွန်တော် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၀။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်()။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယှဉ်ပြိုင်မှု ဥပဒေမူကြမ်းနဲ့စပ်လျဉ်းပြီးတော့ ပြင်ဆင်ဖြည့်စွက်ချက်များကို Power Point နဲ့ တင်ပြ သွားမှာ ဖြစ်ပါတယ်။

ပထမဆုံးက ပုဒ်မ ၂ (စ) ဖြစ်ပါတယ်။ မူလဖော်ပြချက်မှာ စားသုံးသူများကို လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း သဘောမျိုး သက်ရောက်နိုင်သဖြင့် စားသုံးသူများကိုအစား စားသုံးသူများ၏ အကျိုးကိုဟု ပြင်ဆင်သင့်သည်ဟု အကြံပြုထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၂ (စ) (ဆ) ဖြစ်ပါတယ်။ မူလ ဖော်ပြချက်မှာ တစ်ဦးတည်း လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းဟု ဖော်ပြထားတာ တွေ့ရပါတယ်။ လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ ဆောင်ရွက်နိုင် သဖြင့် တစ်ဦးတည်း လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်းအစား တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်းဟု အကြံပြု ပြင်ဆင်ထားပါတယ်။ ပုဒ်မ ၃ ဖြစ်ပါတယ်။ မူလဖော်ပြချက်မှာ စီးပွားရေးလုပ်ငန်းရှင်များအကြား ကန့်သတ်ထားရှိသော သဘော တူညီချက်နဲ့ အစီအမံများအား ဖယ်ရှားထိန်းချုပ်နိုင်ရန်ဟု ဖော်ပြထားတာ တွေ့ရပါတယ်။ ဖယ်ရှားဆိုတဲ့ စကားလုံးကို ဖြုတ်ပြီးတော့ ထိန်းချုပ်နိုင်ရန် ရည်ရွယ်သည်ဟု ပြင်ဆင်အကြံပြု ထားပါတယ်။

ပုဒ်မ ၄ (ဇ)၊ ဒါကတော့ အခန်း(၃) အခြေခံမူများ ပုဒ်မ ၄ မှာ ပုဒ်မခွဲ (ဈ)အဖြစ် ဖြည့်စွက်တင်ပြထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၄ (ဈ)အဖြစ် လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်း ထင်သာမြင်သာရှိမှုနဲ့ ရုံးလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေး ဆိုတဲ့အချက်ကို ထည့်ပေးဖို့ အကြံပြုထားပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ မျှတသော ယှဉ်ပြိုင်မှုကိုပံ့ပိုးမှု ဖြစ်စေရန်နှင့် ကော်မရှင် ကော်မတီ သို့မဟုတ် အစုအဖွဲ့၏ ရုံးလုပ်ငန်းများ ရှုပ်ထွေးခက်ခဲ ကြန့်ကြာမှု မရှိစေရန် ယခုကဲ့သို့ အခြေခံမူတွင် ထည့်သွင်းထားသင့်သည်ဟု ယူဆ၍ဖြစ်ပါတယ်။ ပုဒ်မ ၉(င) ဖြစ်ပါတယ်။ ပြင်ဆင်ရန် အကြံပြုချက်က နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် လိုအပ်သော စီးပွားရေး လုပ်ငန်းများနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများကို ဤဥပဒေအရ ကန့်သတ်ချက်များမှ ယှဉ်ပြိုင်မှုကို မထိခိုက်စေဘဲ လိုအပ်သလို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းလို့ တင်ပြ ထားပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ မူလဖော်ပြချက်မှ နိုင်ငံတော်၏ အကျိုးစီးပွားအတွက်ဟု ဖော်ပြမယ့် အစား နိုင်ငံတော်နဲ့ ပြည်သူတို့၏ အကျိုးစီးပွားအတွက်ဟု ဖော်ပြပါက ပိုမိုပြည့်စုံမည်ဟု ယူ၍ ဖြစ်ပါတယ်။ ဥပဒေအရ ကန့်သတ်ချက်များမှ လိုအပ်သလို ကင်းလွတ်ခွင့် ပြုနိုင်ခြင်းဟု ဖော်ပြမည့် အစား မျှတသော ယှဉ်ပြိုင်မှုကို မပျက်ယွင်းစေရန် ရည်ရွယ်၍ ဤဥပဒေအရ ကန့်သတ်ချက် များမှ ယှဉ်ပြိုင်မှုကို မထိခိုက်စေဘဲ လိုအပ်သလို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းဟု ပြင်ဆင်ဖော်ပြ သင့်ကြောင်း ယူဆ၍ ဖြစ်ပါတယ်။

ပုဒ်မ ၂၆ ဖြစ်ပါတယ်။ မူလဖော်ပြချက်မှာ ယင်းတို့၏ ထုတ်လုပ်မှုကုန်ကျစရိတ်အောက် လျော့နည်းသောဈေးနှုန်းဖြင့်ဟု ဖော်ပြထားတာတွေ့ရပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များဟာ ဈေးကွက်ရရှိဖို့ ထုတ်လုပ်မှုစရိတ်ကို လျော့နည်းနိုင်သမျှ လျော့နည်းအောင် ဆောင်ရွက်လျက်

ရှိကြပါတယ်။ ဈေးကွက်မှာ ရောင်းချရာမှာလည်း အခြားသူများ ဈေးကွက်ပျောက်အောင် မိမိ၏ ထုတ်လုပ်မှုစရိတ်ထက် လျော့နည်းဈေးနှုန်းဖြင့် မရောင်းရန်ကို ဆိုလိုတယ်လို့ ယူဆတဲ့အတွက် ယင်းတို့၏အစား မိမိ၏ဟု ပြင်ဆင်ဖော်ပြထားပါတယ်။

ဒါအပြင် တစ်ခါတစ်ရံမှာ စီးပွားရေးဈေးကွက်ကို ပြန်လည်တည်ဆောက်နိုင်ရန် ယာယီအရှုံးခံပြီးတော့ မိမိ ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် ဈေးနှုန်းနဲ့ ရောင်းချနေရမှုများ ရှိနိုင်တဲ့အတွက် အဲဒီပြင်ဆင်ချက်ရဲ့ အောက်ဆုံးမှာ သို့သော် ပစ္စည်းများကို ယာယီအရှုံးဖြင့် ရောင်းချရန် ခိုင်လုံသော အကြောင်းရှိပါက မိမိ၏ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းသော ဈေးနှုန်းဖြင့် ရောင်းချခြင်းကို ခွင့်ပြုရမည်ဟု ထည့်ဖြည့်ရန် အကြံပြုထားပါတယ်။ ကျွန်တော့် တင်ပြချက် ဒီလောက်ပဲ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦးရဲ့ ဆွေးနွေးချက်များနဲ့ပတ်သက်လို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၉)မြောက်နေ့ကို အစည်းအဝေးရပ်နားကြောင်းနှင့် (၃၀)မြောက်နေ့ကို အစည်းအဝေးဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ။** ။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၂၉)မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၃း၄၀ နာရီ အချိန်တွင် ရပ်နားပါသည်။]